၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 713 June 7, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

# ဒေါ်အောင်ဆန်းစုကြည် တရားစစ်ဆေးမှုရုံးချိန်း နောက်သီတင်းပတ်သို့ ရွှေ့ဆိုင်း

**VOA ၊ ဇွန် ၅ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံထွက်ဆိုမယ့် သက်သေတွေကို ပယ်ချထားတဲ့ကိစ္စနဲ့ပတ်သက်လို့ ဒီကနေ့ တိုင်းတရားရုံးမှာကြားနာပြီး အဆုံးအဖြတ်ပေးဖို့အတွက် ရွေ့တပတ်တနင်္လာနေ့ကို သတ်မှတ်လိုက်တယ်လို့ ဥပဒေအကျိုးဆောင်တွေကပြောပါတယ်။

အစောပိုင်းတရားခွင်ရဲ့ဆုံးဖြတ်ချက်ဟာ ဥပဒေနဲ့မညီတဲ့လုပ်ရပ်ဖြစ်တာမို့ ပြန်လည်သုံးသပ်လက်ခံဖို့ အကျိုးဆောင်ရှေ့နေတွေရဲ့ တင်ပြချက်တွေကို အခုလိုကြားနာမှုတွေရှိခဲ့တဲ့နောက် ဒေါ်အောင်ဆန်းစုကြည်ဟာ တားမြစ်တဲ့အမိန့်ကို ဖောက်ဖျက်တယ်လို့ စွပ်စွဲပြီး စစ်ဆေးနေတဲ့တရားခွင်ကို အဆုံးသတ်မယ့်ရက်လည်း နောက်ဆုတ်သွားပါပြီ။

ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံထွက်ဆိုပေးဖို့ သက်သေ ၄ ယောက်တင်သွင်းခဲ့ပေမယ့် တရားရုံးကလက်မခံဘဲ တယောက်သာခွင့်ပြုခဲ့တဲ့အတွက် ရန်ကုန်တိုင်းတရားရုံးက ပြင်ဆင်ချက်လျှောက်ထားတာကို လက်ခံကြားနာတာတွေ လုပ်ဆောင်နေတာမို့ တရားခွင်အစီအစဉ်မှာ မူလကသတ်မှတ်ထားတဲ့ကာလထက် နောက်ဆုတ်သွားတာပါ။

ဒါဟာဆိုရင် တရားခွင်မှာလျှောက်လဲချက်တွေတင်ဖို့ အစောပိုင်းကသတ်မှတ်ထားရက်ကို ရွှေ့ဆိုင်းရတာ တတိယအကြိမ်ပါ။ မူလက ဒီတပတ်အစောပိုင်းမှာ နှစ်ဘက်ရှေ့နေတွေ အပြီးသတ်လျှောက်လဲချက်တွေပေးကြဖို့ ရက်သတ်မှတ်ခဲ့ပေမယ့် နောက်ပိုင်း ဒီကနေ့သောကြာနေ့ကို ပြောင်းလဲသတ်မှတ်ခဲ့ပြီး အခုနောက်ဆုံး ထပ်ပြီးရွှေ့ဆိုင်းလိုက်ရတာလည်း ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကျန်စွပ်စွဲခံရသူတွေ ရှေ့နေရှေ့ရပ်တွေ တက်ရောက်လာကြတဲ့ ရန်ကုန်အင်းစိန်ထောင်တွင်းက တရားခွင်က အခုလို ရွှေ့ဆိုင်းဖို့ဆုံးဖြတ်လိုက်တာလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင်ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ကျနော်တို့ မနက်ပိုင်းကအင်းစိန်မှာ မူလတရားရုံး အဲဒီကိုသွားပါတယ်။ ၁၀ နာရီမှာ ဒေါ်အောင်ဆန်းစုကြည်တို့ရော၊ မစ္စတာယက်တောတို့ရော အားလုံးလာပါတယ်။ တရားရုံးလည်းထိုင်ပါတယ်။ တရားရုံးထိုင်ပြီးတော့ အဲဒီအမှုနဲ့ပတ်သက်ပြီး တိုင်းတရားရုံမှာ ပြင်ဆင်မှုရှိနေတဲ့အတွက် ဒီနေ့ရုံးချိန်းကိုတော့ ဇွန်လ ၁၂ ရက်နေ့ကို ရွှေ့လိုက်ပါတယ်။

၁၂ ရက်နေ့ကိုတော့ ကျနော်တို့က mention date လို့ခေါ်တယ်။ မြန်မာလိုလည်း 'ဖော်ပြရာ' လို့ခေါ်တယ်။ ကျနော်တို့ argument ပေးဖို့အတွက်တော့မဟုတ်သေးပါဘူး။ တိုင်းရုံးကအမိန့်ပေါ်မှာမူတည်ပြီးမှ အောက်ရုံးကဆက်သွားမှာလေ။ အဲဒီတော့ အဲဒီ mention date ကိုပေးလိုက်ပါတယ်။"

တရားခွင်ရဲ့အစောပိုင်းဆုံးဖြတ်ချက်အရ ဒေါ်အောင်ဆန်းစုကြည်ဘက်က သက်သေတယောက်သာ တင်ပြခွင့်ရပြီး တရားလိုအဖြစ်တရားစွဲထားတဲ့ အာဏာပိုင်တွေဘက်ကတော့ သက်သေ ၁၄ ယောက်အထိ ရုံးတော်မှာထွက်ဆိုခွင့်ပေးခဲ့တာမို့လည်း ဒါဟာ မျှတတဲ့ဆုံးဖြတ်ချက်မဟုတ်ဘူးဆိုပြီး ရှေ့နေတွေကပြောခဲ့ကြတာပါ။

ဒါပေမယ့်လည်း ဒါကိုပြန်လည်လက်ခံပေးဖို့ သူ့ရဲ့ရှေ့နေတွေက လျှောက်ထားခဲ့တာကို ရန်ကုန်တိုင်းတရားရုံးက လက်ခံခဲ့တဲ့နောက် ဒီလိုတရားခွင်အစီအစဉ်တွေမှာ အပြောင်းအလဲရှိခဲ့တာပါ။ ဒီလို ခုခံချေပမယ့် သက်သေတွေကို လက်ခံသင့် မခံသင့် ဆိုတာနဲ့ပတ်သက်လို့လည်း ဒီကနေ့ညနေပိုင်းတရားရုံးက ကြားနာပြီး အဆုံးအဖြတ်ပေးဖို့ ရွှေ့တပတ်ကို ရက်ချိန်းသတ်မှတ်လိုက်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

"ညနေပိုင်းက ကျနော်တို့ ၃ နာရီမှာ တိုင်းတရားရုံးမှာ အစိုးရဘက်ကလည်းလာပါတယ်၊ ကျနော်တို့ဘက်ကလည်း ကျနော်ဘဲလျှောက်လဲချက်ပေးပါတယ်။ လျှောက်လဲချက်ပေးပြီးတော့ တိုင်းတရားရုံးကတော့ ဒီအမှုနဲ့ ဒီပြင်ဆင်မှုနဲ့ပတ်သက်ပြီးတော့ ၉ ရက်နေ့ ၃ နာရီမှာ အမိန့်ချမယ်၊ ရက်ချိန်းပေးလိုက်ပါတယ်။"

အစောပိုင်းမှာတုန်းက ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံထွက်ဆိုပေးဖို့ သက်သေ ၄ ယောက်အဖြစ်နဲ့ သူ့ရဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီက ဒုဥက္ကဋ္ဌဦးတင်ဦး၊ အတွင်းရေးမှူးဦးဝင်းတင်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့က တရားရုံးချုပ်ရှေ့နေဒေါ်ခင်မိုးမိုးနဲ့ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးကြည်ဝင်းတို့ကို အစောပိုင်းက တင်သွင်းခဲ့ပေမယ့် ဦးကြည်ဝင်းတဦးတည်းကိုသာ တရားရုံးကခွင့်ပြုခဲ့တာပါ။

ဥပဒေအကျိုးဆောင်တွေအနေနဲ့ကတော့ ရည်ရွယ်ထားသလို သက်သေတွေအားလုံး တရားခွင်မှာကြားနာခွင့်ရမယ်ဆိုရင်တော့ ခုခံချေပဖို့အတွက်

**စာမျက်နှာ ၁၆ သို့**

**စီရင်ချက်မချမီ ဥပဒေချိုးဖောက်ကြောင်းပြောဆိုမှု တရားရုံးကို မထေမဲ့မြင်ပြု**
**စာမျက်နှာ ၃**

**လုံခြုံရေးထိခိုက်နိုင်သည်ဆိုသည့် နအဖအဆိုကို အဖွဲ့ချုပ် တုံ့ပြန်**
**စာမျက်နှာ ၅**

**မြန်မာ့အရေး စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ဖို့ အထူးကိုယ်စားလှယ်အကြံပြု**
**စာမျက်နှာ ၁၀**

**လွတ်လပ်ရေးရတိုင်း မကောင်းဘူးဟု ဝါရင့်နိုင်ငံရေးသမား သခင်သိန်းဖေ ပြော**
**စာမျက်နှာ ၁၂**

**နအဖရဲ့ ထိုးစစ်ကြောင့် ကရင်ရွာသား ၂၀၀၀ ကျော် ထိုင်းသို့ ထွက်ပြေးလာ**
**စာမျက်နှာ ၁၄**

## VOB အာဘော်

# ထိရောက်သည့် စဉ်ဆက်မပြတ်ဖိအားနှင့် တွေ့ဆုံဆွေးနွေးရေး

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ချိန်ကျခါနီး တွင် စစ်အာဏာရှင်နအဖက သူမအား ဆက်လက်ဖမ်းဆီးနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လာသည်။ ဒေါ်စု၏ နိုင်ငံရေးအရှိန်အဝါ လွန်စွာကြီးမားသည်ကို အာဏာရှင်ဗိုလ်ချုပ်ကြီးများကောင်းကောင်းသိသည်၊ ထို့ကြောင့် ဖမ်းဆီးထောင်ချနိုင်ရေးအတွက် မတရားအမှုဆင်ကာ တရားရုံးတင်ခဲ့သည်။ ဤသည်က ဒေါ်စု အဲန်အဲလ်ဒီနှင့် မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့်တကွ မြန်မာပြည်သူတရပ်လုံးအား ထိုးစစ်အသစ်ဆင် လိုက်ခြင်းဖြစ်သည်။

သို့သော် ဒေါ်စုနှင့် အဲန်အဲလ်ဒီက စစ်အာဏာပိုင်များ၏တိုက်စစ်ကို ဥပဒေကြောင်းအရ ချေဖျက်ရန် ကြိုးပမ်းနေသည်။ မြန်မာ့ဒီမိုကရေစီအင်အားစုများကလည်း လူထုခေါင်းဆောင်အား မတရားလုပ်သည့် လုပ်ရပ်ကို ငြိမ်မခံပဲ တန်ပြန်ဆန့်ကျင်ကန့်ကွက်ကြောင်းကို ပြသနေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ဒေါ်စုကိုလွှတ်ပေးရန် တောင်းဆိုဖိအားပေးမှုများပြုလုပ်ခြင်းသည် ယခင်တုန်းကနှင့်လုံးဝမတူ ခြားနားနေသည်ကိုတွေ့ရသည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ရွှေဝါရောင်တော်လှန်ရေးနှင့် နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် အတိဒုက္ခရောက်ခဲ့ကြသည့် သံဃာတော်များနှင့် ပြည်သူများကို ကူညီပံ့ပိုးရေးနှင့် ကယ်ဆယ်ရေးအတွက် ချက်ချင်းလက်ငင်းကြိုးပမ်းမှုများမရခဲ့ပဲ လက်လျှော့ကာ အာဏာရှင်ဗိုလ်ချုပ်ကြီးများ လက်ခံသည့်နည်းလမ်းများအတိုင်း ကူညီနေခဲ့ရသည်။ ဤအချက်က ၂၀၀၇ နှင့် ၂၀၀၈ အခြေအနေများနှင့် ၂၀၀၉ ခုနှစ်အခြေအနေတို့၏ကွာခြားချက်ဖြစ်သည်။

ပြည်တွင်းပြည်ပ ဖိအားများသည် နအဖစစ်အာဏာရှင်များအပေါ် ထိမှန်စွာဖြင့် ကျရောက်နေသည်။ ထို့ကြောင့် ဒေါ်စုအားတရားစွဲချက်နှင့်ပတ်သက်သည့် သက်သေကြားနာချက်များကို အပြီးသတ်ကြားနာပြီး စီရင်ချက်ချမှတ်ရန် ဇွန်လ ၅ ရက်နေ့အား သတ်မှတ်ထားသော်လည်း ယခုအခါ ရွှေ့ဆိုင်းလိုက်ပြီဖြစ်သည်။ ထိုသို့ရွှေ့ဆိုင်းလိုက်ရခြင်းမှာ ဖိအားများကြောင့်ဖြစ်သည်။ ဒေါ်စုအား စီရင်ချက်ချမှတ်လိုက်လျှင်မည်သို့သောအကျိုးဆက်ကျရောက်လာမည်နည်းဆိုသည်ကို အာဏာရှင်များ ခန့်မှန်းမိပုံရသည် ထို့ကြောင့် ယခုကဲ့သို့ အလျှော့ပေးခဲ့ပုံရသည်။

ဤအခြေအနေတွင် ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လုပ်ရန် အလုပ်တခုတည်းသာရှိပေသည်၊ နအဖဗိုလ်ချုပ်ကြီးများအပေါ် ထိရောက်သည့်ဖိအားများကို ဆက်လက်ပေးနေရေးပင်ဖြစ်သည်။ ပြည်တွင်းအဲန်အဲလ်ဒီအနေဖြင့် ဥပဒေကြောင်းအရာသာမက နိုင်ငံရေးပါတီဖြစ်သည့်နှင့်အညီ နိုင်ငံရေးနည်းလမ်းများဖြင့် နအဖဗိုလ်ချုပ်ကြီးများကို ဆက်လက်ဖိအားပေးရမည်။ မိမိတို့ပါတီခေါင်းဆောင် လွတ်မြောက်ရေးအတွက် ပါတီဝင်များအား တောင်းဆိုလှုပ်ရှားမှုများနှင့် လူထုပညာပေးစည်းရုံးမှုများကို လုပ်ဆောင်ကြရန် ညွှန်ကြားချက်ပေးခြင်းဖြစ်သည်။ ပြည်တွင်းအင်အားစုများနှင့် လူထုတို့ကလည်း အကြမ်းမဖက်လှုပ်ရှားမှုများဖြင့် ဖမ်းဆီးနှိပ်စက်ခြိမ်းခြောက်ခံရမှုအနည်းဆုံးဖြစ်မည့်နည်းလမ်းများဖြင့် ဒေါ်စုလွှတ်မြောက်ရေးကို လုပ်ဆောင်ရမည်။

ပြည်ပရောက်ဒီမိုကရေစီအင်အားစုများကလည်း ဒေါ်စုလွှတ်မြောက်ရေးသည် မြန်မာပြည်ဒီမိုကရေစီရေး၊ တည်ငြိမ်တိုးတက်ရေးနှင့် ဒေသတွင်းငြိမ်းချမ်းရေးကို မည်သို့အကျိုးဖြစ်စေသည်ဟူသော အချက်ကိုအဓိကထား၍ မိမိတို့ရောက်ရှိရာနိုင်ငံများမှ အစိုးရအသီးသီးအား စစ်အာဏာရှင်များအပေါ် ထိရောက်သောဖိအားများဆက်လက်ပေးနိုင်ရေးအတွက် အပြန်အလှန်ဆွေးနွေးဖလှယ်အကြံပြုသောနည်းလမ်းများဖြင့် လုပ်ဆောင်ရန်လိုအပ်သည်။ ထို့အပြင် ပြည်တွင်းလှုပ်ရှားမှုများအတွက် ငွေကြေး၊ နည်းလမ်း၊ အကြံဉာဏ်၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးနိုင်ရေးများကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးရန်လို အပ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း သံတမန်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနည်းလမ်း စသည့် ဩဇာအရှိန်အဝါမျိုးစုံသုံးကာ စစ်အာဏာရှင်များအပေါ် ထိရောက်ပြင်းထန်သော ဖိအားများသက်ရောက်နေစေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်ပေးရန်လိုအပ်သည်။ ထိုကဲ့သို့သော ပြည်တွင်းပြည်ပဖိအားအမျိုးမျိုးသည် နအဖစစ်အာဏာရှင်များက အဲန်အဲလ်ဒီအပါအဝင် ပြည်တွင်းနိုင်ငံရေးအင်အားစုများနှင့် နိုင်ငံရေးအရစစ်မှန်သည့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လာစေရန် ဖိအားပေးခြင်းမျိုးဖြစ်သည်။ ယခုအချိန်တွင် နအဖစစ်အာဏာရှင်များသည် တန်ပြန်ထိုးစစ်ဆင်ခံနေရသောကြောင့် ခံစစ်အသွင်ဖြင့် နောက်ဆုတ်ခုခံနေရပြီဖြစ်သည်။ ထို့ကြောင့် စနစ်ကျနသည့် တဆင့်ခြင်းတိုးတက်ပြင်းထန်လာသည့် ဖိအားအဆင့်ဆင့်ပေးနိုင်မှသာ အာဏာရှင်များသည် ဒေါ်စုကိုလွှတ်ပေးကာ မြန်မာတပြည်လုံးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက လိုလားနေသည့် တွေ့ဆုံဆွေးနွေးသောနည်းဖြင့် မြန်မာ့နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်ပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်မည်ဖြစ်သည်၊ သို့မဟုတ်ပါက မြန်မာ့ပြဿနာသည် နောင်နှစ်ပေါင်းများစွာဖြေရှင်း၍ရမည်မဟုတ်ကြောင်း ရေးသားလိုက်ရပေသည်။

---

# ဒေါ်စုလွှတ်မြောက်ရေး ဓာတ်ပုံဖြန့်ဝေလှုပ်ရှားမှု မိတ္ထီလာအဖွဲ့ချုပ်ပြုလုပ်

**Irrawaddy၊ ဂျွန် ၄ ။** ။ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး ဓာတ်ပုံဖြန့်ဝေခြင်း Photo Campaign လှုပ်ရှားမှုတရပ်ကို မိတ္ထီလာခရိုင်အတွင်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်အောင်ဆန်းစုကြည်ပုံပါဝင်သော ဓာတ်ပုံ ၁၀,၀၀၀ ခန့်ကို ဂျွန်လ ၂ ရက်နေ့ကစတင်၍ ဦးဆောင်ဖြန့်ဝေရာ ယခုအခါဓာတ်ပုံ ၃၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ ဖြန့်ဝေသောဓာတ်ပုံ ၈ မျိုးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ယှဉ်တွဲရိုက်ကူးထားသော ဓာတ်ပုံမှာ အများဆုံးဖြန့်ဝေရကြောင်း မိတ္ထီလာခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ဒေါ်အေးအေးမြင့်ကပြောပါတယ်။ "မြန်မာပြည်မှာ သတင်းနဲ့စာနယ်ဇင်းလွတ်လပ်ခွင့်မရှိတော့ မီဒီယာတွေမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံကို သိပ်ဖော်ပြလေ့မရှိဘူး။ မမြင်ဘူးတဲ့သူတွေကအများကြီးဘဲ၊ လာတောင်းတဲ့လူတွေကလည်းမနည်းဘူး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး ဖြန့်ဝေတဲ့ဓာတ်ပုံ ၈ မျိုးထဲမှာ ဖခင်ဖြစ်တဲ့ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရိုက်ထားတဲ့ပုံက အဖြန့်ဝေရဆုံးဘဲ။" လို့ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်တဲ့ ဓာတ်ပုံတွေကို အခမဲ့ဖြန့်ဝေသွားမှာဖြစ်ပြီး အရွယ်အစားမှာ ၃ လက်မ x ၄ လက်မ ပတ်လည်ရှိကြောင်းလည်းသိရပါတယ်။ "ကျမတို့ရဲ့ရည်ရွယ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံကို ကျယ်ကျယ်ပြန့်ပြန့်လူထုလက်ထဲ အိမ်တိုင်းစေ့ရောက်ရှိအောင် ဖြန့်ဝေသွားမှာဖြစ်တယ်။ ဓာတ်ပုံကိုရယူကြတဲ့ ပြည်သူတွေကို တောင်းဆိုချင်တာက ဓာတ်ပုံကိုမိမိတို့အိမ်ရဲ့ဧည့်ခန်းမှာ မှန်ဘောင်သွင်းချိတ်ဆွဲထားနိုင်ရင် ထားစေချင်တယ်။ အဲဒါမှအဆင်မပြေဘူးဆိုရင် အိမ်မှာဓာတ်ပုံထည့်တဲ့အယ်လ်ဘမ်ရဲ့ရှေ့ဆုံးမှာ ထည့်

စာမျက်နှာ ၁၆ သို့

# စီရင်ချက်မချမီ ဥပဒေချိုးဖောက်ကြောင်းပြောဆိုမှု တရားရုံးကို မထေမဲ့မြင်ပြု

**RFA၊ ဇွန် ၂။** ။ ဒေါ်အောင်ဆန်းစုကြည်ရင်ဆိုင်နေရတဲ့အမှု မပြီးပြတ်ခင် သူ့ကို ဥပဒေချိုးဖောက်သူလို့ လူသိရှင်ကြားပြောဆိုတာဟာ တရားရုံးကိုမထေမဲ့မြင်လုပ်ရာရောက်တယ်လို့ ရှေ့နေကြီးဦးကြည်ဝင်းက ပြောလိုက်ပါတယ်။

ပြီးခဲ့တဲ့ မေလ ၃၀ ရက်တုန်းက စင်ကာပူနိုင်ငံမှာကျင်းပခဲ့တဲ့ ကာကွယ်ရေးဝန်ကြီးတွေရဲ့ နှစ်ပတ်လည်အစည်းအဝေးမှာ ကာကွယ်ရေးဒုတိယဝန်ကြီးဗိုလ်ချုပ်အေးမြင့်က နိုင်ငံခြားသားတယောက် အိမ်ထဲဝင်လာတာကို ထိန်ချန်ထားတဲ့အမှုနဲ့ တရားစွဲဆိုတာလို့ပြောကြားခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဟာ ဥပဒေချိုးဖောက်ခွင့်မရှိဘူးလို့ ပြောဆိုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဥပဒေချိုးဖောက်တယ် မချိုးဖောက်ဘူးဆိုတာ တရားရုံးကအဆုံးအဖြတ်ပေးရမယ့်ကိစ္စဖြစ်တယ်လို့ ဦးကြည်ဝင်းကပြောပါတယ်။

“သူက ကြေညာပြောတဲ့စားပွဲဝိုင်းမှာ ဒီတိုင်း သူပြောတဲ့ဟာမျိုးမဟုတ်ဘဲနဲ့ တရားဝင်အစည်းအဝေးတို့ ဘာတို့မှာပြောရင်တော့ ဒါက ဘာဖြစ်လဲဆိုတော့ it is contempt of court ဆိုတာ တရားရုံးကိုမထီမဲ့မြင် လုပ်ရာရောက်တယ်။”

ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ခြံဝင်းထဲကို ဝင်ရောက်တဲ့ ဂျွန်ဝီလီယံယက်တောဟာ ၂၀၀၈ ခု၊ နိုဝင်ဘာလတုန်းကလည်း ခုလိုဘဲ တကြိမ်ဝင်ရောက်ခဲ့ဘူးပြီး ဒီအကြောင်းကိုမိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းကတဆင့် ဒေါ်အောင်ဆန်းစုကြည်က သတင်းပေးပို့ခဲ့ပေမယ့် သက်ဆိုင်ရာကအရေးယူဆောင်ရွက်တာ မရှိဘူးလို့သိရပါတယ်။

စစ်အစိုးရကတရားစွဲဆိုထားတဲ့ အမှုအပေါ်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဘက်က အဆိုပြုထားတဲ့ သက်သေ ၄ ဦးထဲက တဦးကိုဘဲလက်ခံစစ်ဆေးခဲ့တာဟာ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့ မကိုက်ညီတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတွေက ရန်ကုန်တိုင်းတရားရုံးမှာ ဒီကနေ့ညနေ ၄ နာရီက အမှုဖွင့်လျှောက်လဲတင်သွင်းခဲ့ပါတယ်။ ဒီလုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတဦးဖြစ်သူ ဦးဉာဏ်ဝင်းကအခုလိုရှင်းပြပါတယ်။

“ကျနော်တို့တင်တဲ့ လျှောက်လဲတဲ့ပြင်ဆင်မှုပေ့ါ။ ဒါ ကျနော်တို့ revisional case ခေါ်တယ်။ ဒီပြင်ဆင်မှုကိုတရားရုံးကလက်ခံတယ်။ လက်မခံဘူးသူကအမိန့်ချမှတ်မယ်။ လက်ခံခဲ့ရင်တော့ နောက်ထပ်နှစ်ဖက်ပေ့ါ။ အစိုးရဘက်ရော ကျနော်တို့ဘက်ရော လျှောက်လဲချက်ပေးရမယ်။ လက်မခံရင်တော့ ကျနော်တို့အမှုကိုပယ်ချခံရတာပေ့ါ။”

အင်းစိန်ထောင်တွင်း အထူးတရားရုံးကပယ်ချခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သက်သေသုံးဦးကတော့ နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဦးဝင်းတင်နဲ့ တောင်ကြီးမြို့က ဒေါ်ခင်မိုးမိုးတို့ဖြစ်ပါတယ်။

ဂျွန်လ ၅ ရက်၊ လာမယ့်သောကြာနေ့ အမှုစစ်ဆေးတဲ့အခါမှာလည်း စီရင်ချက်ကို အပြီးချနိုင်သလို တရားရုံးဘက်က ရက်ရွှေ့ဆိုင်းနိုင်တယ်လို့လည်း ဦးဉာဏ်ဝင်းကပြောပါတယ်။

# ဗိုလ်ချုပ်သန်းရွှေမိသားစု ကိုးကွယ်ထားသည့်စေတီ ပြိုကျ၍ ထိခိုက်သေဆုံးကြရ

**DVB၊ မေ ၃၁။** ။ မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ မိသားစုကိုးကွယ်တဲ့ ဓနုတ်စေတီပြိုကျခဲ့တဲ့အတွက် စေတီကိုပြင်ဆင်နေတဲ့အလုပ်သမားတွေ၊ လုပ်အားပေးတွေ၊ ဘုရားဖူးတွေအပါအဝင် လူရာနဲ့ချီ ထိခိုက်ဒဏ်ရာရတယ်လို့ ဒလဒေသခံတွေ ပြောပါတယ်။

ရန်ကုန်မြို့ အနောက်ဖက် ၁၉ မိုင်အကွာ ဒလမြို့နယ်ရှိ ဓနုတ်စေတီ မနေ့မွန်းလွဲ ၃ နာရီလောက်မှာ ပြိုကျတာပါ။ စေတီကို တာဝန်ယူပြင်ဆင်နေတာက ရွှေသံလွင်ကုမ္ပဏီပါ။ မနေ့က စနေနေ့ဖြစ်တာကြောင့် ဓနုတ်စေတီမှာ ရွှေသံလွင်ဆောက်လုပ်ရေး အလုပ်သမားတွေအပြင် အနီးအပါးရွာတွေက လုပ်အားလာပေးသူတွေနဲ့ စနေနေ့တာဝန်ကျ ရေတပ်သားတွေ စုစုပေါင်း ၃၀၀ လောက်ရှိနေချိန်မှာ ပြိုကျတာပါ။ ပြိုကျတဲ့စေတီကို ရှင်းလင်းနေတုန်းပဲလို့ မျက်မြင်တွေ့ရှိတဲ့ ဒလဒေသခံတဦးက ပြောပါတယ်။

“ဘုရားကြီးကတော့ လုံးဝအငုတ်ကြီးပေ့ါနော၊ အောက်ခြေက လုံးဝပြတ်သွားတဲ့ဟာ ဆွဲပြီးတော့ အကုန်လုံးကို ခြေလိုက်သလို ထုခြေလိုက်သလိုဖြစ်သွားတယ်။ ရင်ပြင်မယ် ကျန်တဲ့တန်စောင်းတွေကတော့ရှိတယ်၊ ဘာမှမဖြစ်ဘူး။ သေဆုံးသူဘယ် လောက်ရှိတယ်ဆိုတာ မသိရသေးပေမယ့် အနည်းဆုံး ၂၀ လောက်တော့ရှိမယ်”။

“ငြမ်းလုပ်နေတဲ့ ပန်းရံတွေရှိတယ် ငြမ်းတွေမှာ ဒီပန်းရံအလုပ်သမားတွေရဲ့ပုဆိုးလေးတွေ ချိတ်ထားတာ၊ လွယ်အိတ်လေးတွေ၊ ထမင်းချိုင့်လေးတွေ၊ ချိတ်ထားတာကအစ ရှိနေသေးတယ်၊ အခုချိန်ထိ။ တချို့တွေ အသက်ပါသွားကြပြီနဲ့တူတယ်။ သူတို့က ဘယ်လိုမှလွတ်မှာမဟုတ်ဘူးလေ အဲဒီလူတွေကတော့ မနေ့က တာဝန်ကျတာက နေပြည်တော်ကလူတွေ တာဝန်ကျတာတဲ့။ နေပြည်တော်ကရဲဘော် တော်တော်များများသေတယ်။”

မနှစ်က မေလ နာဂစ်မုန်တိုင်းမတိုင်မီက ပြိုကျသွားတဲ့ ဓနုတ်စေတီကို မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ဇနီး ဒေါ်ကြိုင်ကြိုင် ဦးဆောင်ပြီး ပြန်လည်ပြုပြင်ထားပြီး မေလဆန်း ၇ ရက်မှာ ရေစက်ချခဲ့တာလို့ ဒလဒေသခံတဦးက ရှင်းပြပါတယ်။

“နာဂစ်မတိုင်ခင်တည်းက ပြိုသွားတာကို တတိုင်းပြည်လုံးလိုက် အလှူခံပြီးတော့ ကဆုန်လပြည့်နေ့မှာ စိန်ဖူးတော်၊ ထီးတော်တင်ပွဲကျင်းပလိုက်တယ် ဒေါ်ကြိုင်ကြိုင်တို့ သူတို့အာဏာပိုင်တွေက လာတည်တာ အဲဒီအခုအဲဒါပြန်ပြိုတာ။ သူတို့ပြောတာတော့ ဒီဘုရားဟာ တချိန်တုန်းကလည်း အမျိုးသမီးတယောက် တည်ဖူးတယ်ဆိုတယ်ပေ့ါနော် ရာဇဝင်ရှိတယ်လို့ဆိုတယ်၊ အဲဒါကြောင့် ဒေါ်ကြိုင်ကြိုင်လာတည်တယ်လို့ ပြောတာပဲ။ သူ့မြေးလည်းပါတယ်ပေ့ါ”။

“လေလည်းမတိုက် ဘာလည်းမတိုက်ဘဲနဲ့ ပြိုသွားတာ တအံ့တသြတော့ဖြစ်နေတာပေ့ါ၊ ဘုရားက နည်းနည်းတန်ခိုးကြီးတဲ့ပုံစံ လူပြောတော်တော်တော့များတယ်။ အခုလို ဒေါ်ကြိုင်ကြိုင်တို့ တင်ပြီးတော့ ဒီတခေါက်ဆိုပြိုတယ်ဆိုတော့ တချို့ဗေဒင်တွက်တတ်တဲ့ လူတွေပြောတာတော့ သန်းရွှေက သောကြာပေ့ါနော် ဓနုတ်ဘုရားဆိုတော့ ‘ဓ’ ရော ‘န’ ရော စနေနံနှစ်ခုထပ်နေတယ်ပေ့ါနော်။ အဲဒါဆိုတော့ သူတို့တင်ပြီးတော့ အဲဒီဘုရားပြိုတယ်ဆိုတာ မကောင်းဘူးပေ့ါ၊ ဒီတိုင်းပြည်အတွက် အညွှန့်ကျိုးတယ်ပေ့ါ၊ အဲလိုပုံစံမျိုးတော့ ပြောနေတယ်”။

သေဆုံးသူ ဒဏ်ရာရသူနဲ့ နောက်ဆုံးအခြေအနေတွေကို အသေးစိတ်သိရဖို့ ဒလမြို့နယ် မယကရုံးကို ဆက်သွယ်မေးမြန်းတဲ့အခါ တာဝန်ရှိသူတွေအားလုံး ဓနုတ်စေတီမှာ အရေးပေါ်ကြီးကြပ်နေကြတယ်လို့ တာဝန်ကျဝန်ထမ်းကဖြေပါတယ်။ ဒလဆေးရုံနဲ့ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနတို့ကို မေးတော့လည်းသေဆုံးသူ ဒဏ်ရာရသူတွေရဲ့အခြေအနေကို ဖြေဆိုဖို့ ငြင်းဆိုကြပါတယ်။ အေအက်ဖ်ပီသတင်းမှာတော့ လူ ၂ ဦးသေဆုံး၊ ၄ ဦး ပျောက်ဆုံးနဲ့ ၄၅ ဦး ဒဏ်ရာရတယ်လို့ ရဲအရာရှိတဦးက အတည်ပြုပြောကြားကြောင်း ဒီနေ့ဖော်ပြပါတယ်။

ဒဏ်ရာရသူအများစုဟာ စေတီကို ပြုပြင်မွမ်းမံနေတဲ့ စစ်သားတွေဖြစ်တယ်၊ ပြိုမကျခင် ၂ ရက်က မိုးအကြီးအကျယ်ရွာသေးတယ်၊ စေတီအောက်မှာ ပိနေသူတွေကို ကယ်ထုတ်ဖို့ ကြိုးစားနေကြတယ်လို့ ရဲအရာရှိတဦးက ပြောတယ်လို့ အဲဒီသတင်းမှာ ဖော်ပြပါတယ်။ စစ်တပ်၊ ရေတပ်၊ ရဲ၊ မီးသတ်နဲ့ ကြက်ခြေနီအဖွဲ့တွေက ဒဏ်ရာရသူတွေကို ဆေးရုံပို့ဆောင်ခဲ့ပြီး ရန်ကုန်ဆေးရုံကြီးကလည်း လူနာ ၂၆ ယောက် ရောက်လာတယ်လို့ အတည်ပြုပြောပြကြောင်း အေအက်ဖ်ပီ သတင်းမှာဖော်ပြပါတယ်။

**ဦးအောင်ခင်**
**မျက်မှောက်ရေးရာသုံးသပ်ချက်**

# တရုတ်–မြန်မာမူးယစ်ဆေးမှောင်ခိုလုပ်ငန်း(၃)

တရုတ်–မြန်မာ မူးယစ်ဆေးမှောင်ခိုကြီးထွားလာပုံအကြောင်း ကိုလင်ဇင်းနဲ့ရှုလ်ဒန်ဂျန်းတို့ ရေးသားတဲ့ မူးယစ်ဆေးမှောင်ခိုလုပ်ကိုင်နေကြတဲ့ လူတန်းစားတွေအကြောင်း တင်ပြပါမယ်။

မူးယစ်ဆေးအမှုနဲ့ ယူနန်မှာထောင်ကျနေတဲ့ အကျဉ်းသားတွေထဲက ၆၀၀ ကိုရွေးပြီး တွေ့ဆုံမေးမြန်းတဲ့အတွက် အခုလိုတင်ပြနိုင်တာပါဘဲ။ ဒီလိုလေ့လာမှုမျိုးဟာ အလွန်ရှားပါးတယ်လို့ဆိုနိုင်ပါတယ်။ အကျဉ်းသား ၆၀၀ ထဲမှာ ၈၀ ရာခိုင်နှုန်းက တရုတ်ပြည်သားတွေဖြစ်ပြီး ၂၀ ရာခိုင်နှုန်းဟာ မြန်မာတွေဖြစ်ပါတယ်။ မြန်မာတွေက တရုတ်စာ တရုတ်စကားမတတ်လို့ ဘာသာပြန်အကူအညီနဲ့ မေးမြန်းရပါတယ်တဲ့။ ထူးခြားတာက မေးမြန်းတဲ့မြန်မာ ၁၂၀ ဟာ အမျိုးသမီးတွေဖြစ်နေပြီး အမျိုးသား ၂ ဦးသာပါဝင်တာပါဘဲ။ အသက်အရွယ်ကတော့ ၃၀ နဲ့ ၄၀ ကြားဖြစ်ပါတယ်။ စာမတတ်တဲ့လယ်သမားကစပြီး ကျောင်းဆရာနဲ့ရဲအရာရှိအထိ လူတန်းစားအမျိုးမျိုး မူးယစ်ဆေးမှောင်ခိုလုပ်ကြပါတယ်။

ဒါပေမယ့် အများစုဟာ စာမတတ် ပေမတတ် အလုပ်အကိုင်အတည်တကျမရှိသူတွေဖြစ်ပါတယ်။ တွေ့ဆုံမေးမြန်းတဲ့ အကျဉ်းသားတွေထဲမှာ ၈၀ ရာခိုင်နှုန်းဟာ မူလတန်းပညာလောက်သာ သင်ကြားဘူးသူတွေပါဘဲ။ ငွေရှာတဲ့သဘောနဲ့ မူးယစ်ဆေးမှောင်ခိုလုပ်တာရှိသလို အလုပ်မရှိလို့လုပ်တာလည်း ရှိပါတယ်။ အကျဉ်းသား ၉၀ ရာခိုင်နှုန်းဟာ တောသူတောင်သားတွေပါ။ မြို့သားတွေထဲမှာ ဒါမျိုးကိုသိပ်မလုပ်တော့ပါဘူး။ ထောင်ကျသူတွေဟာ မူးယစ်ဆေးသယ်ဆောင်သူတွေများပါတယ်။ ငွေရင်းစိုက်တဲ့မြို့နေလုပ်ငန်းရှင်နဲ့ နယ်စပ်ကဘိန်းကုန်သည်တွေထဲမှာ အဖမ်းခံရသူအလွန်နည်းပါတယ်။

မူးယစ်ဆေးမှောင်ခိုလုပ်ငန်းမှာ ပါဝင်သူတွေကို သုံးမျိုးခွဲနိုင်ပါတယ်။ ပထမအမျိုးအစားဟာ တရုတ်–မြန်မာနယ်စပ်က ဘိန်းကုန်သည်တွေပါဘဲ။ တရုတ်ပြည်က မူးယစ်ဆေးလာဝယ်သူကို သူတို့ကရောင်းချပါတယ်။ ဒီလိုမူးယစ်ဆေးဝယ်ယူပြီး ပြည်တွင်းကိုပို့ဆောင်ပေးသူတွေ အများအပြားရှိပါတယ်။ သူတို့ကို ဒုတိယအမျိုးအစားလို့ခေါ်နိုင်ပြီး သူတို့ဘဲအဖမ်းခံရတာများပါတယ်။ တတိယလူတန်းစားကတော့ လာသမျှမူးယစ်ဆေးကို ဝယ်ယူဖြန့်ဖြူးနေတဲ့ မြို့နေလက်ကားမှောင်ခိုတွေဖြစ်ပါတယ်။

မူးယစ်ဆေးတခေါက်သယ်ယူပေးရင် အမေရိကန်ဒေါ်လာ ၅၀၀ လောက်ရပါတယ်။ ဒီလိုငွေမျိုးရဘို့ လနဲ့ချီအလုပ်ကြမ်းလုပ်ရပေမယ့် မူးယစ်ဆေးသယ်ဆောင်ပေးရင်တော့ ရက်ပိုင်းအတွင်း ရနိုင်ပါတယ်။ ဒါကြောင့် သူတို့ကသာ အန္တရယ်အများဆုံးဖြစ်ပါတယ်။ နယ်စပ်ဘိန်းကုန်သည်နဲ့ မြို့နေလက်ကားမှောင်ခိုဟာ သူတို့လောက်အန္တရယ်မရှိပါဘူး။ တွေ့ဆုံမေးမြန်းတဲ့ အကျဉ်းသား ၆၀၀ မှာ ၉၀ ရာခိုင်နှုန်းဟာ မူးယစ်ဆေးစားသုံးရင်း မှောင်ခိုလုပ်ငန်းမှာ ပါဝင်လာတာဖြစ်ပါတယ်။

ဆေးစွဲသူက မူးယစ်ဆေးသယ်ဆောင်တာ တချက်ခုတ်နှစ်ချက်ပြတ်သဘောပါဘဲ။ ဆေးလည်းရ ငွေလည်းရတဲ့အလုပ်ဖြစ်ပါတယ်။ ဒါပေမယ့် လက်ကားမှောင်ခိုတွေကတော့ ဆေးစွဲသူကိုမသုံးချင်ပါဘူး။ မြန်မာပြည်ထဲကနယ်စပ်ကို မူးယစ်ဆေးသယ်ဆောင်ပေးလို့ နယ်စပ်မှာအဖမ်းခံရသူအရေအတွက်ဟာ တရုတ်ပြည်တွင်းမှာ သယ်ဆောင်ရင်းအဖမ်းခံရတဲ့ဦးရေနဲ့ အတူတူဘဲဖြစ်ပါတယ်။ စိတ်ကြွဆေးသုံးစွဲသူတွေများလာပေမယ့် တွေ့ဆုံမေးမြန်းတဲ့အကျဉ်းသားထဲမှာတော့ ၉၅ ရာခိုင်နှုန်းဟာ ဘိန်းဖြူသယ်ဆောင်မှုနဲ့ ထောင်ကျနေတာဖြစ်ပါတယ်တဲ့။ စိတ်ကြွဆေးကို တရုတ်ပြည်မှာလည်းထုတ်လုပ်နိုင်ပေမယ့် ဘိန်းဖြူနဲ့ဘိန်းစိမ်းကိုတော့ မြန်မာပြည်ကသာ ရရှိနိုင်ပါတယ်။

လွယ်လွယ်နဲ့ငွေရလို့ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းမှာ ပါဝင်လာကြတာဖြစ်ပေမယ့် ဒီလိုပါဝင်လာအောင်ဖန်တီးလိုက်တဲ့ အကြောင်းရင်းတွေကတော့ မတူကြပါဘူး။ အလျဉ်းသင့်သလို မူးယစ်ဆေးမှောင်ခိုဖြစ်လာသူတွေရှိသလို လပေါင်းအတော်ကြာ စဉ်းစားတွက်ချက်ပြီးမှ ဒီလောကထဲရောက်လာသူတွေလည်းရှိပါတယ်။

ဆင်းရဲလွန်းလို့ ဘဝရပ်တည်ဘို့ မူးယစ်ဆေးမှောင်ခိုတာမျိုး မရှိသလောက်ပါဘဲတဲ့။

ဒီလုပ်ငန်းမှာပါဝင်နိုင်ဘို့အတွက် တခုတည်းသောလိုအပ်ချက်ဟာ ယုံကြည်မှုပါဘဲ။ မှောင်ခိုလုပ်ငန်းမှာ အတူလက်တွဲလုပ်ကိုင်မယ့်လူအချင်းချင်း ယုံကြည်မှသာ အလုပ်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဆွေမျိုးတော်စပ်သူတွေ၊ ရင်းနှီးတဲ့မိတ်ဆွေအပေါင်းအသင်းတွေ ပါဝင်လုပ်ကိုင်ကြတာများပါတယ်။ ဥပမာ၊ အကျဉ်းသားတဦးရဲ့ညီမနဲ့ယောက်ဖဟာ မြန်မာပြည်ဘက်မှာအခြေစိုက်ပြီး မူးယစ်ဆေးမှောင်ခိုလုပ်ပါတယ်။ သူတို့လင်မယား ယူနန်ကိုမကြာခဏလာကြတဲ့အတွက် သူလည်းဒီလုပ်ငန်းထဲမှာ ပါဝင်လာရတယ်လို့ အဲဒီအကျဉ်းသားကပြောပါတယ်။

မူးယစ်ဆေးမှောင်ခိုလုပ်ငန်းစပြီဆိုရင် ပတ်သက်ရာပတ်သက်ကြောင်းဖြစ်တဲ့ ဆွေမျိုးနဲ့မိတ်ဆွေတွေ အရင်ဆုံးပါဝင်လာတဲ့အတွက် တနေရာတည်းမှာ စုပေါင်းလုပ်ကိုင်သလိုဖြစ်နေပါတယ်။ ရွာတရွာမှာ တယောက်မူးယစ်ဆေးမှောင်ခိုလို့ ချမ်းသာသွားပြီဆိုရင် အသိမိတ်ဆွေတွေက စိတ်ဝင်စားလာပြီး သူတို့လည်းပါဝင်လိုကြောင်း ပြောလာပါတယ်။ ဒါကြောင့် ဘိန်းမှောင်ခိုတွေဟာ တနေရာတည်းကလာကြတာလို့ တရုတ်ရဲကပြောတာပါ။ တနေရာတည်းကလာတဲ့ ဘိန်းမှောင်ခိုတွေ အဖမ်းခံရတာများလာပြီဆိုရင် နောက်တနေရာကလူတွေနဲ့ အစားထိုးလေ့ရှိပါတယ်။

တချိန်က ယူနန်မြောက်ပိုင်း ဝေရှန် (Weishan) မြို့နယ်၊ ဟူးဘေ့အိ (Hubei) ပြည်နယ်က ဝူးဟန် (Wuhan)၊ ဖူးကျန်း (Fujian) ပြည်နယ်က ပူးတရန် (Putian) မြို့နယ်၊ စတာတွေဟာ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းမှာ နာမည်ရကြပါတယ်။ ယူနန်နယ်က မွတ်ဆလင်ဘာသာဝင် ဟွေဇု (Hui Zu) လူမျိုးစုဟာ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းမှာ တချိန်ကကြီးစိုးခဲ့ပေမယ့် မကြာခဏဖမ်းဆီးထောင်ချသေဒဏ်ပေးခံရလို့ မှောင်ခိုလုပ်မယ့် ဟွေဇုတိုင်းရင်းသားဦးရေ နည်းပါးသွားပါတယ်။

ယူနန်မြောက်ဘက် ဆုချွန်နယ် ချန်ရှန်း (Liangshan) မြို့နယ်က ရီ (Yi) လူမျိုးစုနဲ့ အန်ဟွေ့ (Anhui) နယ်က မန်းချန် (Mengcheng) နယ်သားတရုတ်တွေဟာ မူးယစ်ဆေးသယ်ယူပို့ဆောင်ရာမှာ ထင်ရှားလာကြပါတယ်။ စောစောကပြောခဲ့သလို တယောက်ကစလိုက်တဲ့မှောင်ခိုလုပ်ငန်းကို တရာအထိလိုက်လုပ်ကြတဲ့ သဘောပါဘဲ။ ဘိန်းမှောင်ခိုလုပ်ငန်းက ငွေရတဲ့သတင်းပြန့်ပွားလေလေ လုပ်ချင်တဲ့လူတွေများလာလေလေပါဘဲ။ ထောင်ဒဏ်သေဒဏ်ကျခံရမှာကို မကြောက်ကြဘူးထင်ပါတယ်။

ကိုးကန့်နဲ့ 'ဝ' ဒေသဟာ တရုတ်စကားပြောတဲ့နယ်မြေတွေဖြစ်လို့ ယူနန်တရုတ်တွေနဲ့ ရောထွေးယှက်တင် ဖြစ်နေတာကြပါပြီ။ သူတို့အဘို့ နယ်ခြားဒေသမရှိပါဘူး။ ဆွေမျိုးတွေဟာ မြန်မာပြည်ဘက်မှာရော ယူနန်ဘက်မှာရော နေထိုင်ကြတာအစဉ်အလာလိုဖြစ်နေပါပြီ။ မြန်မာပြည်ဘက်မှာနေထိုင်တဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေ ဘိန်းမှောင်ခိုဖြစ်နေလို့ ဘိန်းဖြူရဘို့အခက်အခဲမရှိတဲ့အတွက် မူးယစ်ဆေးမှောင်ခိုဖြစ်လာရတဲ့ ယူနန်တရုတ်တွေလည်းရှိပါတယ်။ ဆွေမျိုးသားချင်းမရှိသူဟာ အသိမိတ်ဆွေတွေရဲ့ ထောက်ခံချက်ကိုယူပြီး အဆက်အသွယ်ရှာရပါတယ်။

မူးယစ်ဆေးနှိမ်နင်းတဲ့ပုံစံ ပြောင်းလဲလာပုံနဲ့ ဈေးကွက်အခြေအနေကိုလိုက်ပြီး ဘိန်းမှောင်ခိုရဲ့လုပ်ပုံကိုင်ပုံလည်းပြောင်းလဲလာတယ်လို့ သိရပါတယ်။ အခုဆိုရင် ဘိန်းမှောင်ခိုလုပ်ငန်းကို ၃ ပိုင်းခွဲထားပြီး တပိုင်းနဲ့တပိုင်း လုံးဝအဆက်အသွယ်မရှိပါဘူး။ ဘိန်းဖြူလက်ကားမှောင်ခိုတွေဟာ သူတို့ကုန်ပစ္စည်းကို စွန့်စွန့်စားစားသယ်ယူပို့ဆောင်ပေးသူတွေနဲ့ အဆက်အသွယ်မရှိကြပါဘူး။ ဒါကြောင့် ဆက်စပ်ပြီး မိးခိုးကြွက်လျှောက်ဖမ်းဆီးဘို့လည်း ခက်ခဲသွားပါတယ်။

# လုံခြုံရေးထိခိုက်နိုင်သည်ဆိုသည့် နအဖ အဆိုကို အဖွဲ့ချုပ် တုံ့ပြန်

**DVB | ဂျွန် ၁။** ။ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရားစွဲတာဟာ ပြည်တွင်းရေးသက်သက်ဖြစ်လို့ နိုင်ငံတကာက ဝင်ရောက်စွက်ဖက်စရာမလိုကြောင်းနဲ့ ဝင်ရောက်စွက်ဖက်ရင် ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်နိုင်တယ်လို့ နအဖ ဒု–ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်ပါတယ်။

စင်္ကာပူနိုင်ငံမှာ ကျင်းပတဲ့ ဒေသတွင်းလုံခြုံရေး အစည်းအဝေးမှာ နအဖ ဒုကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အေးမြင့်က ပြောဆိုလိုက်တာပါ။ ဒီပြောဆိုချက်နဲ့ ပတ်သက်ပြီး အဖွဲ့ချုပ်ရဲ့ သဘောထားကို အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောပါတယ်။

“သူ့စကားက တော်တော်မှန်တယ်လို့ပဲ ကျနော်ပြောချင်တယ်။ ထိခိုက်လာမယ့် လုံခြုံရေးဟာ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေအတွက်၊ တိုင်းသူပြည်သားအတွက် မဟုတ်ဘူး၊ သူတို့အတွက်ဗျ။ နိုင်ငံတကာဖိအားတွေ ပြင်းထန်လာတာနဲ့အမျှ ပြည်တွင်းမှာ သူတို့ရဲ့လုံခြုံရေးကို ထိခိုက်လာတော့မယ်၊ ဒါကို သူပြောတာပဲလို့ အဓိပ္ပာယ်ဖွင့်ချင်တယ်။ ဒီစစ်အစိုးရဟာ ဒေါ်စုရဲ့ အမှုကို အကြောင်းပြုပြီး နိုင်ငံတကာရဲ့ဖိအားတွေ ပြင်းထန်လာတာနဲ့အမျှ သူတို့လုံခြုံမှုဟာလည်း အများကြီးထိခိုက်လာတော့မယ်။ ဒါကို သူတို့သိနေလို့ ဟိုမှာသွားပြီး အော်ကြီးဟစ်ကျယ်ပြောနေတာပဲလို့ ယူဆတယ်။”

နအဖစစ်ခေါင်းဆောင်တွေ အဓိကစိုးရိမ်တာက နိုင်ငံတကာဖိအားတွေရဲ့ နောက်မှာ လူထုအင်အား ပါလာမှာကိုစိုးရိမ်တာဖြစ်တယ်လို့ ဦးဝင်းတင်က ပြောပါတယ်။

“နိုင်ငံတကာက ခုလို ပြစ်တင်ရှုတ်ချလာမှုတွေကို တိုင်းပြည်မှာ တော်တော့်ကို အားရတယ်။ တိုင်းပြည်မှာက ဒီအစစ်အစိုးရ လုပ်ချင်တာ လုပ်နေတာကို တိုင်းသူပြည်သားတွေက ပြစ်တင်ရှုတ်ချတာတွေက မရှိသလို ဖြစ်လာပြီ၊ ခုလို ဒေါ်စုအမှုကို အကြောင်းပြုပြီး နိုင်ငံတကာက ဖိအားပေးတာတွေ ပြင်းပြင်းထန်ထန် ပေါ်လာတဲ့အခါ ပြည်သူတွေ အများကြီးအားတက်လာတယ်။ ဒီအတိုင်းသာသွားရင် စစ်အစိုးရဆိုတာ ငုံ့ခံစရာမလိုဘူး၊ တုံ့ပြန်ခံပြောတဲ့အတွက် နိုင်ငံတကာရဲ့ ဝိုင်းဝန်းမှုတွေ ရှိတယ်ဆိုတဲ့ အသိပေါ်လာရင် ပြည်သူတွေက ဒီစစ်အုပ်စုကို အံတုဖို့အသင့်ဖြစ်လာမယ်။ ပိုပြီး နိုးကြားတက်ကြွလာမယ်လို့ ကျနော်ထင်တယ်။ အဲဒါက သူတို့လုံခြုံရေးကို ထိခိုက်လာခြင်းပဲလို့ ပြောချင်ပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ဖမ်းဆီးပြီး တရားစွဲတဲ့ကိစ္စဟာ ပြည်တွင်းရေးဖြစ်တယ်၊ တရားမဝင် ရောက်လာတဲ့ မစ္စတာဂျွန်ဝီလျံယက်ထောကိုလက်ခံခဲ့တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်မှာ အပြစ်ရှိတယ်လို့ နအဖခေါင်းဆောင်တွေကပြောဆိုနေတာနဲ့ ပတ်သက်လို့လည်း ဦးဝင်းတင်က ဝေဖန်ပြောဆိုပါတယ်။

“ကမ္ဘာမှာ အာတူးကေ ဆိုတဲ့ကိစ္စက ပေါ်နေပြီ။ လူသားတွေအပေါ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အကာအကွယ်ပေးရမယ့်တာဝန်ဟာ နိုင်ငံတိုင်းမှာရှိတယ်ဆိုတာပဲ၊ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်အမှုမှာ တရားမျှတမှုလုံးဝမရှိဘဲနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအများကြီး လုပ်လာတဲ့အခါကျတော့ လူတွေဟာ တိုင်းပြည်အတွင်းမှာရှိနေတဲ့ကိစ္စတွေကို ကာကွယ်ဖို့ ဝတ္တရားရှိတယ်ဆိုတာကို ကမ္ဘာက ပြောလာတယ်၊ ပြည်တွင်းရေးလို့ သူတို့ ဘယ်လောက်ပဲပြောနေနေ၊ ကမ္ဘာက အဲလိုသဘောမထားနိုင်တော့ဘူး။ ဘာလို့လဲဆိုတော့ ဗမာပြည်ရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုအကျင့်ကြီးက အလွန်ကိုဆိုးဝါးနေတယ်။ ဒါကြောင့် ကမ္ဘာက ပြောလာတာဖြစ်တယ်။”

“နောက်တခုက အကျိုးဘယ်လိုသက်ရောက်မလဲဆိုတော့ ဒီအမှုက လျှောက်လဲချက်တောင် မပေးရသေးပါဘူး။ တရားလိုဘက်ကလည်း လျှောက်လဲချက်မပေးရသေးသလို ကျနော်တို့ဘက်ကလည်း လျှောက်လဲချက်မပေးရသေးဘူး။ တရားစီရင်ဆုံးဖြတ်ဖို့ဆိုတာ အဝေးကြီးလိုသေးတယ်။ အဲဒီလိုအခြေအနေမျိုးမှာ စစ်အစိုးရဘက်က ဝန်ကြီးအဆင့်ရှိတဲ့ ပုဂ္ဂိုလ်တယောက်ကနေ တရားစီရင်ဆုံးဖြတ်နေတယ်။ သူက တရားသူကြီး မဟုတ်ဘူးဗျ။ ဒီလိုပုဂ္ဂိုလ်က ဘာမှမပြီးသေးဘူး တရားခံမှာအပြစ်ရှိတယ်လို့ပြောနေရင် တရားသူကြီးက ဘယ်လိုပြောမလဲ။ ဝန်ကြီးပြောနေတော့ အပြစ်ရှိတယ်လို့ပဲ မှတ်ထားမှာ၊ ဒါဆိုရင် မျှတတဲ့တရားစီရင်မှုဆိုတာ ဘယ်မှာလဲလို့ မေးခွန်းထုတ်စရာတွေ အများကြီးရှိလာမယ်လို့ ပြောချင်ပါတယ်။”

# ရွှေဝါရောင် တိမ်းရှောင်လာသူတွေ အထူးအစီအစဉ်နဲ့ အမေရိကန်က ခေါ်မည်

**NEJ | ဂျွန် ၁။** ။ ရွှေဝါရောင်တော်လှန်ရေးတွင်ပါဝင်ခဲ့ပြီးနောက် ထိုင်း–မြန်မာနယ်စပ်သို့ တိမ်းရှောင်လာခဲ့ကြသူများထဲမှ ၁၀၁ ဦးကို အမေရိကန်သံရုံးမှ အထူးအစီအစဉ်တရပ်အဖြစ် အမေရိကန်နိုင်ငံသို့ အမြန်ဆုံးပို့ဆောင်ပေးမည်ဟု သံရုံးတာဝန်ခံတဦးကပြောပါတယ်။

တတိယနိုင်ငံသို့ထွက်ခွာရန် ထိုင်း–မြန်မာနယ်စပ်တွင် ရောက်ရှိပြီးသူများထဲမှ ကျန်ရှိသူ ၁၀၁ ဦးကို ယနေ့ နေ့လည် မဲဆောက်မြို့ရှိ ဝပ်ဘိုးလဖားဘုန်းတော်ကြီးကျောင်းတွင် ထိုင်းနိုင်ငံဆိုင်ရာအမေရိကန်သံရုံး IOM, UNHCR, JRS နှင့် ထိုင်းပြည်ထဲရေးဌာနမှ တာဝန်ရှိသူအချို့လာရောက်တွေ့ဆုံခဲ့ပြီး အမေရိကန်သံရုံးမှ တာဝန်ခံအရာရှိက ၎င်းတို့အား အမေရိကန်နိုင်ငံသို့ အမြန်ဆုံးပို့ဆောင်ပေးမည်ဟု ပြောပါသည်။

၎င်းအရာရှိက “ခင်ဗျားတို့ကို အထူးအစီအစဉ်တရပ်အနေနဲ့ အမေရိကန်နိုင်ငံကလက်ခံပြီး အမြန်ဆုံးပို့ဆောင်ပေးမှာဖြစ်တယ်။ ဒါကြောင့် အခုသွားရမယ့်လူတွေအနေနဲ့ မဲဆောက်မှာဆန္ဒပြပွဲတွေမလုပ်ဘို့ ပြောချင်တယ်။ ဆန္ဒပြပွဲတွေမှာ ပါဝင်မယ်ဆိုရင်တော့ အခုရရှိမယ့် အခွင့်အရေးတွေပယ်ဖျက်ခံရမယ်။ ခင်ဗျားတို့ကို ဆန္ဒပြဘို့၊ မပြဘို့တော့မပြောလိုပါဘူး။” လို့ပြောပါတယ်။

အမေရိကန်သို့ထွက်ခွာခွင့်ရရှိသူများထဲမှ ဆရာဝန်တဦးက သံရုံးတာဝန်ခံအား “အခုလူတွေအကုန်လုံးသွားရမှာလား၊ မသွားရမယ့်လူတွေရောရှိနိုင်ပါသလား။” ဟုမေးမြန်းရာ သံရုံးတာဝန်ခံက အကုန်သွားရမယ်လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒုက္ခသည်စခန်းသို့ ဝင်ရောက်ရမယ့်ကိစ္စနဲ့ပတ်သက်ပြီး မဝင်ရောက်လိုသူများအနေဖြင့် ယခုအစီအစဉ်မှ ပယ်ဖျက်ခြင်းခံရမည်ဟု သံရုံးတာဝန်ခံကပြောပါတယ်။

အဆိုပါ ၁၀၁ ဦးမှာ ယခုအပတ်အတွင်း မဲဆောက်မြို့ရှိဒုက္ခသည်များအတွက် အဆင့်ဆင့်လုပ်ဆောင်ခြင်းဌာနတွင် သွားရောက်နေထိုင်ရမည်ဖြစ်ပြီး ၎င်းဌာနမှတဆင့် မယ်လဒုက္ခသည်စခန်းသို့ ပြောင်းရွှေ့နေထိုင်ရမှာဖြစ်ပါတယ်။ ၎င်းတို့သည် မယ်လဒုက္ခသည်စခန်းမှတဆင့် ဂျူလိုင်လ ၁၀ ရက်နေ့မတိုင်ခင် အမေရိကန်နိုင်ငံသို့ ထွက်ခွာရမည်ဖြစ်သည်ဟု UNHCR မှပေးသည်ကြေညာချက်တွင် ဖော်ပြထားပါတယ်။

မယ်လဒုက္ခသည်စခန်းတွင် သွားရောက်နေထိုင်စဉ်ကာလအတွင်း ၎င်းတို့၏စားဝတ်နေရေးကိစ္စများကို ထိုင်းအစိုးရမှ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး နအဖ ၏လိုက်လံနှိမ်နင်းမှုကြောင့် လူ ၂၀၀ ခန့် ထိုင်း–မြန်မာနယ်စပ်သို့ထွက်ပြေးရောက်ရှိလာပြီး သံဃာတော်အပါး ၃၀ နှင့် ကဗျာဆရာအောင်ဝေးအပါအဝင် လူ ၈၀ ခန့်မှာ တတိယနိုင်ငံများသို့ ရောက်ရှိသွားပြီး ယခုထွက်ခွာရမည့် ၁၀၁ ဦးမှာ အထူးအစီအစဉ်အဖြစ် အမေရိကန်သို့ထွက်ခွာရမှာဖြစ်ပါတယ်။

# ဒီမိုကရေစီ၏အခြေခံမှုများ

ကျော်ကျော်စိုး

**ယခင်လအဆက်**

အပိုင်း ၁၅

## <u>အစိုးရ၏တာဝန်ခံမှု</u>

အစိုးရ၏တာဝန်ခံမှုဆိုသည်မှာ ရွေးချယ်ခံရသည့်ပြည်သူ့ဝန်ထမ်းများ ဖြစ်စေ၊ ရွေးချယ်ခံရခြင်းမဟုတ်ပဲ ခန့်အပ်ခံရသည့်ပြည်သူ့ ဝန်ထမ်းများဖြစ်စေ ၎င်းတို့သည် ပြည်သူပြည်သားများအတွက် ၎င်းတို့ဆုံးဖြတ်လုပ်ဆောင်ခဲ့သော အရာများကို ရှင်းလင်းပြောပြရန် တာဝန်ရှိပေသည်။ အစိုးရ၏ တာဝန်ခံမှုသည် နိုင်ငံရေးအရ၊ ဥပဒေရေးအရ၊ အုပ်ချုပ်ရေးအရ စသည့် အမျိုးမျိုးသောနည်းလမ်းများကိုသုံး၍ ကိုယ်ကျိုးရှာအလွဲသုံးမှုကို တားမြစ်နိုင်ရေးနှင့် ပြည်သူများအတွက် ဆောင်ရွက်ခဲ့သည်များကို ပြန်လှန်စစ်ဆေးနိုင်ရန် သတ်မှတ်ခြင်းဖြစ်သည်။ ထိုကဲ့သို့သော နည်းလမ်းများမရှိခြင်းသည် ကိုယ်ကျိုး ရှာအလွဲသုံးမှုများကို ဖြစ်ပေါ်လာစေသည်။

<u>နိုင်ငံရေးအရတာဝန်ခံခြင်းတွင် အခြေခံအကျဆုံးနည်းလမ်းမှာ လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲဖြစ်သည်။</u> အတိအကျသတ်မှတ်ထားသော သက်တမ်းနှင့် ရွေးကောက်ပွဲက ရွေးချယ်ခံကိုယ်စားလှယ်များကို ၎င်းတို့၏လုပ်ဆောင်ချက်များအတွက် တာဝန်ခံစေရန်ဖြစ်စေပြီး ၎င်းတို့အား စိမ်ခေါ်သူများကို ပြည်သူများက ခြားနားသောပေါ်လစီများကို ရွေးချယ်နိုင်ရေးအတွက် အခွင့်အလမ်းများကိုပေးသည်။ မဲဆန္ဒရှင်များက ကိုယ်စားလှယ်များ၏လုပ်ကိုင်ဆောင်ရွက်မှုများကို နှစ်ခြိုက်ခြင်းမရှိပါက သက်တမ်းကုန်ဆုံးပြည့်သောအခါ မဲပေးမှုဖြင့် တာဝန် မှဖယ်ရှားနိုင်ပေသည်။

ပြည်သူ့ကိုယ်စားလှယ်များ၏နိုင်ငံရေးရာ တာဝန်ခံမှုအဆင့်သည် အတိုက်အခံနှင့်ယှဉ်ပြိုင်၍ ကိုယ်စားလှယ်နေရာကိုရယူနိုင်သည်၊ မည်မျှ ပြန်လည်ဝင်ရောက်ရွေးချယ်ခံသည်၊ သက်တမ်းအကြိမ်ပေါင်းမည်မျှရွေးချယ်ခံရသည် စသည်ဖြင့် မှတ်ကျောက်တင်ပေသည်။

ဥပဒေရေးအရတာဝန်ခံမှုတွင် ဥပဒေရေးရာအဖွဲ့အစည်း၊ အက်ဥပဒေများ၊ အမိန့်များ၊ စည်းမျဉ်းများ၊ အကိုးအကားများ၊ အခြားဥပဒေရေးရာ အထောက်အကူပြုမှုများသည် ပြည်သူ့ကိုယ်စားလှယ်များ၊ ဝန်ထမ်းများက ဆောင်ရွက်နိုင်ခြင်းရှိ မရှိဆိုသည်ကို မှတ်တမ်းတင်နိုင်ခြင်းနှင့် ထိုဆောင်ရွက်ချက်များသည် ကျေနပ်ဖွယ်ရာမရှိဟုယူဆရပါက ပြည်သူပြည်သားများက အရေးယူနိုင်ခြင်း ရှိမရှိ စသည်တို့ပါဝင်သည်။

သီးခြားလွတ်လပ်သောတရားစီရင်ရေးသည် ဥပဒေရေးအရ တာဝန်ခံမှု အောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ အကြောင်းမှာ ပြည်သူပြည်သားများက အစိုးရအပေါ် တရားစွဲဆိုနိုင်သော နေရာဖြစ်သောကြောင့်တည်း။ ဥပဒေရေးရာအရ တာဝန်ခံမှုနည်းလမ်းများတွင် အောက်ပါအချက်များ ပါဝင်ပေသည်။

– ပြည်သူ့ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်နှင့် စည်းမျဉ်း စည်းကမ်းများနှင့် လက်ခံနိုင်ဖွယ်ရာမရှိသောလုပ်ရပ်များကိုဖော်ပြထားရမည်။
– ပြည်သူ့ကိုယ်စားလှယ်များသည် ၎င်းတို့၏ပိုင်ဆိုင်မှုများကို လူသိရှင်ကြား ထုတ်ပြန်ကြေညာမှုဆိုင်ရာဥပဒေရှိရမည်၊ သို့မှသာ ပြည်သူများသည်ကိုယ်စားလှယ်များက ၎င်းတို့၏အရှိန်အဝါကိုသုံး၍ ငွေကြေးအကျိုးအမြတ်ရရန် မမှန်မကန် လုပ်ခြင်း ရှိ မရှိဆိုသည်ကို စစ်ဆေးနိုင်မည်။
– အစိုးရ၏မှတ်တမ်းများ၊ အစည်းအဝေးများနှင့်ပတ်သက်၍ ပြည်သူများနှင့် သတင်းမီဒီယာများက ကြည့်ရှုပိုင်ခွင့်နှင့် သိရှိပိုင်ခွင့်အတွက် ဥပဒေရှိရမည်။
– အစိုးရ၏ဆုံးဖြတ်ချက်များတွင် ပြည်သူလူထု၏သဘောထားများပါဝင်ရမည် ဖြစ်ပြီး ဤသည်က ပြည်သူပြည်သားများကိုယ်တိုင် ပါဝင်ဆောင်ရွက်သည်ဆိုသည်ကိုပြသခြင်းဖြစ်သည်။
– ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူ့ကိုယ်စားလှယ်များ၏ဆုံးဖြတ်ချက်များ လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်နိုင်သည့် တရားရေးဆိုင်ရာသုံးသပ်မှု အာဏာကို တရားရုံးများသို့ ပေးအပ်ထားရမည်။

အုပ်ချုပ်ရေးရာအရတာဝန်ခံမှုဆိုသည်မှာ ဝန်ကြီးဌာနများ၊ အေဂျင်စီများအောက်ရှိ ရုံးဌာနများ၏အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို သတ်မှတ်ထားရမည်ဖြစ်ပြီး၊ သို့မှသာ ပြည်သူ့ဝန်ထမ်းများ၏ဆုံးဖြတ်ချက်များ လုပ်ဆောင်ချက်များသည် ပြည်သူပြည်သားများ၏အကျိုးစီးပွားအတွက် သေချာပေါက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အုပ်ချုပ်ရေးရာအရ တာဝန်ခံမှု နည်းလမ်းများတွင် အောက်ပါ အချက်များပါဝင်သည်။

– အစိုးရကခန့်အပ်ထားသည့် ကြားနာစစ်ဆေးရေးဆိုင်ရာအဖွဲ့သည် ပြည်သူပြည်သားများက ကန့်ကွက်သည့်ကိစ္စများကို ကြားနာခြင်း၊ ဖြေရှင်းပေးအတွက် တာဝန်ရှိသည်။
– ပြည်သူလူထု၏ငွေကြေးကို သုံးစွဲရာတွင် မမှန်မကန်သုံးစွဲမှုများမဖြစ်စေရန် ကြပ်မတ်စစ်ဆေးမည့် သီးခြားလွတ်လပ်သည့် စာရင်းစစ်များရှိရမည်။
– ပြည်သူပြည်သားများက အစိုးရလက်အောက်ခံအဖွဲ့များ၏ ကန့်ကွက်မှုများကို ကြားနာသည့်အုပ်ချုပ်ရေးဆိုင်ရာတရားရုံးများရှိရမည်။
–အာဏာပိုင်များ၏လာဘ်စားမှုများ၊ အာဏာလွဲသုံးစားပြုမှုများကို ထောက်ပြပြောဆိုသူများကို လက်တုံ့ပြန်မှုများပြုခြင်းမှ ကာကွယ်ပေးသည့် စည်းမျဉ်း စည်းကမ်းများရှိရမည်။

အပိုင်း ၁၆

## <u>လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများ</u>

ကိုယ်စားပြုဒီမိုကရေစီစနစ်အောက်တွင် နေထိုင်ကြသော ပြည်သူလူထုအား လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများက ၎င်းတို့နိုင်ငံ အစိုးရ၏ နိုင်ငံရေးဆိုင်ရာပြုလုပ်ဆောင်ရွက်မှုများနှင့် အနာဂတ်ပေါ်လစီများကို ချမှတ်ပိုင်ခွင့်ပေးသည်။

လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများသည် အာဏာကို ငြိမ်းချမ်းစွာဖြင့်လွှဲပြောင်းပေးနိုင်မှုကို တိုးမြှင့်ပေးသည်။ ရှုံးနိမ့်သွားသည့် ကိုယ်စားလှယ်သည် ရွေးကောက်ပွဲရလဒ်ကိုလက်ခံစေပြီး အစိုးရအဖွဲ့သစ် လက်သို့ အာဏာလွှဲပြောင်းစေသည်။

<u>ရွေးကောက်ပွဲတခုတည်းနှင့် ဒီမိုကရေစီထွန်းကားပြီဟု အာမခံချက်မပေးနိုင်ပေ။ အကြောင်းမှာ အာဏာရှင်များသည် နိုင်ငံတွင်းရှိ အရင်းအမြစ်များကိုသုံး၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အသာရစေရန် အမြတ် ထုတ်လုပ်လေ့ရှိသောကြောင့်ဖြစ်သည်။</u> လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် အောက်ပါအချက်များလိုအပ်ပေသည်။

– ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအရ အရွယ်ရောက်သော အမျိုးသား အမျိုးသမီးအားလုံး မဲပေးပိုင်ခွင့်ရှိရမည်။ ဒီမိုကရေစီသည် ဤအခွင့်အရေးကို လူနည်းစုတိုင်းရင်းသားများ၊ မသန်မစွမ်းများကိုကန့်သတ်ခြင်းမရှိ၊ ထို့အတူ ပညာတတ်သူများ၊ ကြွယ်ဝချမ်းသာသူများကိုသာ ဤအခွင့်အရေးရမည်ဟု သတ်မှတ်ထားခြင်းမရှိ။
– ပြည်သူ့ကိုယ်စားလှယ်အဖြစ် သို့မဟုတ် မဲပေးသူအဖြစ် လွတ်လပ်စွာမှတ်ပုံ

**တဖက်သို့**

# ပယ်ချမှု တိုင်းတရားရုံး၌ ပြင်ဆင်အမှုဖွင့်

**DVB ၊ ဂျွန် ၂။ ။** ဒေါ်အောင်ဆန်းစုကြည်ဘက်က သက်သေအဖြစ် ထွက်ဆိုခွင့်ပေးဖို့လျှောက်ထား သူ ၄ ဦးထဲက ၃ ဦးကို ပယ်ချလိုက်တဲ့ကိစ္စကို ပြန်စဉ်းစားပေးဖို့တိုင်းတရားရုံးမှာ ပြင်ဆင်မှုတင်သွင်းလိုက်ပြီလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အကျိုးဆောင်ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦး(နေအိမ်အကျယ်ချုပ်ကျနေသူ)၊ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်၊ တောင်ကြီးမြို့က တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မို့မို့တို့ကို တရားရုံးကပယ်ချလိုက်ပြီး လပွတ္တာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကြည်ဝင်း တဦးတည်းကိုပဲသက်သေအဖြစ် လက်ခံခဲ့တာပါ။ သက်သေ ၃ ဦးကို ငြင်းပယ်လိုက်တာဟာ ဥပဒေနဲ့မညီတဲ့အတွက် ရန်ကုန် တိုင်းတရားရုံးမှာ ဒီမနက် လျှောက်ထားပါတယ်။ လျှောက်လဲချက်ပေးဖို့ တိုင်းတရားရုံးကို ဒီညနေ ၄ နာရီမှာ ရောက်သွားတဲ့အခါတိုင်းတရားသူကြီးက နောက်နေ့ကို ချိန်းဆိုလိုက်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

“၄ နာရီ ၄၅ မိနစ်လောက်ကျတော့ တိုင်းတရားသူကြီးရဲ့ရုံးခန်းက ဝန်ထမ်းတယောက်က ဒီနေ့ သူတို့ဆရာ မလာနိုင်သေးဘူးတဲ့၊ နက်ဖြန်ခါလာရောက်စုံစမ်းပါတဲ့၊ အဲဒီလိုပဲပြောလို့ ကျနော်တို့ ပြန်လာခဲ့ရတယ်။”

နေအိမ်အကျယ်ချုပ်ကာလအတွင်း စည်းမျဉ်းစည်းကမ်းများချိုးဖောက်မှုနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အာဏာပိုင်တွေက တရားစွဲထားတဲ့အမှုအတွက် သောကြာနေ့မှာ အပြီးသတ်လျှောက်လဲဖို့ ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံးက အကြောင်းကြားထားပါတယ်။ ဒီအမှုအတွက် ရန်ကုန် အင်းစိန်ထောင်ဝင်းထဲမှာ အထူးရုံးထိုင်တာဖြစ်ပြီး ဒေါ်အောင်ဆန်း စုကြည်၊ သူနဲ့အတူနေသူ ဒေါ်ခင်ခင်ဝင်းနဲ့ မဝင်းမမတို့ကိုလည်း အဲဒီထောင်ဝင်းထဲမှာပဲ ဖမ်းဆီးထားပါတယ်။

# မိမိသဘောနဲ့ သွားခြင်းဖြစ်ဟု ယက်ထောထွက်ဆို

**DVB ၊ ဂျွန် ၂။ ။** ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲ ကျူးကျော်ဝင်ရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံသား မစ္စတာယက်ထောက သူ့ကို ဘယ်ပြင်ပအဖွဲ့အစည်းကမှ ခိုင်းလို့မဟုတ်ဘဲ သူ့သဘောနဲ့သူလုပ်တာပါလို့ တရားရုံးမှာ နောက်ဆုံးထွက်ဆိုသွားပါတယ်။ ဘာသာတရားကိုင်းရှိုင်းသူ ခရစ်ယာန်တဦးဖြစ်တဲ့ မစ္စတာယက်ထောဟာ ရိုးသားသူဖြစ်ပြီး ဘုရားသခင်ကို ယုံကြည်သူဖြစ်တယ်လို့ သူ့ရှေ့နေ ဦးခင်မောင်ဦးက ပြောကြားတယ်လို့ အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည် လုပ်ကြံခံရမယ်ဆိုတာ ဘုရားသခင်ဆီက ဗျာဒိတ်ရတဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရတို့ကို သတိပေးဖို့လာတာပါလို့ဆိုပါတယ်။

“သူ့ကို တစုံတယောက်ကညွှန်ကြားတယ်ဆိုတာ မဟုတ်ပါဘူး။ ဒီလိုလုပ်ဖို့ အဖွဲ့အစည်းတခုခုက သူ့ကို ပိုက်ဆံထောက်ပံ့ လွှတ်လိုက်တယ်ဆိုတာလည်းမဟုတ်ပါဘူး” လို့ရှေ့နေ ဦးခင်မောင်ဦးကပြောပါတယ်။ “သိရသလောက်တော့ သူဟာ သိပ်ကိုရိုးသားပြီး ဘာသာတရား ကိုင်းရှိုင်းတဲ့ သူဖြစ်တယ်။ တရားရုံးမှာလည်း လိုလိုလားလားထွက်ဆိုပါတယ်။ စစ်ကြောရေးမှာရော တရားခွင်မှာပါ အဖြေတမျိုးတည်းကိုပဲ ထွက်ဆိုသွားပါတယ်” လို့လည်း ဦး ခင်မောင်ဦးကပြောပါတယ်။ “ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲမှာ ရိုက်ယူခဲ့တယ်ဆိုတဲ့ ဓာတ်ပုံတွေဟာလည်း မစ္စတာယက်ထောက သူ့သမီးကို ပြဖို့ပဲဖြစ်ပြီး လူသိရှင်ကြားလျှောက်ပြဖို့မဟုတ်ပါဘူး” လို့လည်း ဆိုပါတယ်။ ဒီဓာတ်ပုံတွေကို တရားလိုအာဏာပိုင်တွေက စစ်ဆေးကြည့်ရှုပြီးသားပါ။ အရင်အပတ်က မစ္စတာယက်ထောတရားခွင်မှာထွက်ဆိုခဲ့တုန်းက ဒေါ်အောင်ဆန်းစုကြည်ကို အကြမ်းဖက်သမားတွေက သတ်ဖြတ်တယ်လို့ အိပ်မက်ဖူးတာကြောင့် ဒီလို ကျူးကျော်ဝင်ရောက်ခဲ့တာပါလို့ ထွက်ဆိုခဲ့ပါတယ်။

နအဖ ကာကွယ်ရေး ဒုဝန်ကြီးဗိုလ်ချုပ်အေးမြင့်ကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ မစ္စတာယက်တောဝင်ရောက်ရှိမှုကို ဖုံးကွယ်ခဲ့တာ ထင်ရှားတယ်လို့စင်္ကာပူမှာကျင်းပတဲ့ ဒေသတွင်းလုံခြုံရေးအစည်းအဝေးမှာ ပြောခဲ့ပါတယ်။ မြန်မာကောင်စစ်ဝန်တဦးကလည်း “ဂျွန်ယက်ထောဟာ ထောက်လှမ်းရေးလား၊ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရည်းစားလေလား” လို့ ပုတ်ခတ် စောင်းထေ့ပြီး ပြောခဲ့ပါတယ်။

---

တင်နိုင်ရမည်။

– ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်စွာပြောဆိုနိုင်ရမည်။ ဒီမိုကရေစီသည် ကိုယ်စားလှယ်များ နိုင်ငံရေးပါတီများကို လက်ရှိအစိုးရလုပ်ဆောင်ချက်များကို ဝေဖန်ခြင်းမပြုရဆိုသည့်ကိုကန့်သတ်ထားခြင်းမရှိ

– မဲဆန္ဒရှင်များသည် လွတ်လပ်သောသတင်းမီဒီယာမှတဆင့် ရွေးကောက်ပွဲဆိုင်ရာကန့်ကွက်မှုများကို သိရှိပိုင်ခွင့်ကဲ့သို့သော အခွင့်အလမ်းများစွာရှိရမည်။

– နိုင်ငံရေးဟောပြောပွဲများနှင့် စည်းရုံးလှုံ့ဆော်မှုများကို လွတ်လပ်စွာပြုလုပ်နိုင်ရမည်။

– ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ပါတီကိုယ်စားလှယ်များသည် မဲပေးသည့်နေရာနှင့် ဝေးကွာသောနေရာတွင်ရှိနေရမည် ဆိုသည့်စည်းမျဉ်းရှိရမည်။ (ရွေးကောက်ပွဲအရာရှိများ၊ မဲရုံဝန်ထမ်းများ၊ နိုင်ငံတကာစောင့်ကြည့်သူများသည် မဲပေးရေးလုပ်ငန်းစဉ်များကို ကူညီပေးနိုင်သည်၊ သို့သော် မည်သူ့ကို မဲပေးမည် ဆိုသည့် ရွေးချယ်မှုတွင်ပါဝင်ခြင်းမပြုရ)

– ရွေးကောက်ပွဲကျင်းပမှုနှင့် ရွေးကောက်ပွဲရလဒ်စစ်ဆေးမှုတွင် ဘက်လိုက်မှုမရှိစေရန်နှင့်ထိန်းညှိထားသည့်စနစ်ရှိရမည်။ (စနစ်တကျလေ့ကျင့်ထားသည့် ရွေးကောက်ပွဲအရာရှိများသည် နိုင်ငံရေးအရ သီးခြားကင်းလွတ်မှုရှိရမည်၊ ရွေးကောက်ပွဲကို စောင့်ကြည့်သည့်သူများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်သင့်သည်)

– မဲပေးရမည့်နေရာများသို့ အဆင်ပြေပြေသွားရောက်နိုင်ရမည်၊ လျှို့ဝှက်စွာ ဆန္ဒပြုနိုင်သည့်နေရာရှိရမည်၊ မဲပုံးများလုံခြုံမှုရှိရမည်၊ မဲရေတွက်မှုသည် အများပြည်သူအလွယ်တကူမြင်သာထင်သာ ရှိရမည်။

– လျှို့ဝှက်စွာမဲပေးမှုရှိရမည်။ ဆိုလိုသည့်အဓိပ္ပာယ်မှာ မဲဆန္ဒရှင်တဦးသည် မိမိကကိုယ်စားလှယ် သို့မဟုတ် ပါတီကိုရွေးချယ်လိုက်ခြင်းကြောင့် ဆန့်ကျင်ခံရခြင်းမရှိစေရ။

– ရွေးကောက်ပွဲမသမာမှုများအတွက် ဥပဒေကြောင်းအရ တားမြစ်ကန့်သတ်မှုများရှိရမည်။ (မဲကိုနှစ်ကြိမ်ရေတွက်ခြင်း၊ မဲဝှက်ခြင်း စသည့် မဲရေတွက်မှုတွင် အသာစီးရရန်လုပ်ဆောင်မှုများကို တားမြစ်အရေးယူမည့်ဥပဒေရှိရမည်)

– မဲပြန်လည်ရေတွက်ခြင်းနှင့် ယှဉ်ပြိုင်မှုလုပ်ငန်းစဉ်များသည် ကောင်းမွန်မှန်ကန်စွာဖြင့်လုပ်ဆောင်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်မှုနှင့် ဥပဒေကြောင်းအရလုပ်ထုံးလုပ်နည်းများရှိရမည်။

မဲပေးခြင်းနည်းလမ်းများသည် တနိုင်ငံနှင့်တနိုင်ငံမတူ ညီနိုင်ပေ၊ တခါတရံတွင် နိုင်ငံတွင်း၌ပင် ကွဲပြားမှုရှိနိုင်သည်၊ သို့သော်လည်း အောက်ဖော်ပြပါအချက်များလိုအပ်ပေသည်။

– စက္ကူမဲပြားများ(မဲပြားပေါ်တွင် အမှတ်သင်္ကေတခြစ်ခြင်း သို့မဟုတ် အပေါက်ဖောက်ခြင်း)

– မဲပြားပေါ်တွင် ကိုယ်စားလှယ်လောင်းများ၏ရုပ်ပုံ သို့မဟုတ် ပါတီအမှတ်သင်္ကေတရှိရမည်၊ သို့မှသာ စာမတတ်သောမဲဆန္ဒရှင်များ ၄င်းတို့မဲပေးချင်သည့် ကိုယ်စားလှယ်၊ ပါတီကို မှန်ကန်စွာမဲပေးနိုင်မည်။

– အီလက်ထရွန်နစ်မဲပေးမှုစနစ်တွင် မဲဆန္ဒရှင်သည် စက်ကိရိယာ၏မျက်နှာပြင်ပေါ်ထိတွေ့ကာ ဆန္ဒပြုခြင်း သို့မဟုတ် ခလုတ်များနှိပ်ကာ ဆန္ဒပြုခြင်းဖြစ်ရမည်။

– မဲပေးသည့်နေ့တွင် လာရောက်မဲမပေးနိုင်သော မဲဆန္ဒရှင်များအတွက် ကြိုတင်မဲကို ရွေးကောက်ပွဲကျင်းပရက်မတိုင်မီပေးပိုင်ခွင့် ရှိရမည်။

**(ဆက်လက် ဖော်ပြပါမည်)**

# VB သူ့အမြင်

ဒေါ်အောင်ဆန်းစုကြည်ရဲ့ တိုးတက်ပွင့်လင်းတဲ့အတွေးအခေါ်အယူအဆ ဒီမိုကရေစီထွန်းကားရမည်ဟု ယုံကြည်ထားတဲ့ သူမရဲ့ ရဲရင့်တဲ့ခံယူချက်၊ အာဏာရှင်ကို အောင်နိုင်ရမည်လို့ယူဆထားတဲ့ သူမရဲ့ပြတ်သားတဲ့ အမြင်၊ ခိုင်မာတဲ့စိတ်ဓာတ်နဲ့ယုံကြည်ချက်ကို နအဖစစ်ဗိုလ်ချုပ်ဟာ အလွန်အမင်း ကြောက်လန့်တုန်လှုပ်ခြောက်ခြားနေပုံရပါတယ်။ ဒါကြောင့်လည်း ပိန်ပါးပါး သေးသွယ်သွယ် အမျိုးသမီးတယောက်ကို လက်နက်ကြီးငယ်မျိုးစုံကိုင်ထားတဲ့ အာဂစစ်သူရဲကြီးတွေဟာ လွှတ်ပေးရတော့မယ်အချိန်မှာ မလွှတ်ပေးပဲ အမှုတခုကို လုပ်ကြံဖန်တီးပြီး တရားစွဲဆို ရုံးတင်ထောင်ချဖို့ ဉာဏ်နီဉာဏ်နက်များနေပုံကို ဖော်ပြထားတဲ့ ထိုင်းနိုင်ငံထုတ် The Nation သတင်းစာပါ Supalak Ganjankhundee ရဲ့ဆောင်းပါးကို ဒီတပတ် သူ့အမြင်ကဏ္ဍအဖြစ်တင်ဆက်လိုက်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နောက်ထပ်ထောင် ၅ နှစ်ချမှတ်နိုင်အောင် လုပ်ကြံဖန်တီးပြီး အမှုဆင်မတရားလုပ်နေမှုအား နိုင်ငံတကာအသိုင်းအဝိုင်း၊ အာဆီယံနဲ့ ထိုင်းအစိုးရတို့က ပြစ်တင်ဝေဖန် ပြောဆိုနေမှုတွေကို နအဖစစ်ဗိုလ်ချုပ်ကြီးများ ရင်ဆိုင်နေရပါတယ်။ ကုလသမဂ္ဂ ဥရောပသမဂ္ဂ၊ အမေရိကန်နဲ့ အာဆီယံအလှည့်ကျဉက္ကဋ္ဌတို့ ဒေါ်အောင်ဆန်းစုကြည်ကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့ ကြေညာချက်တွေ တခုပြီးတခု ထုတ်ပြန်တောင်းဆိုနေပေမယ့်လည်း နအဖစစ်အုပ်စုဟာ လုံးဝဂရုမစိုက်ပါဘူး။

နိုင်ငံတကာအစိုးရခေါင်းဆောင်များနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းကြီးတွေလည်း နအဖစစ်အုပ်စုကိုတိုက်ရိုက်ထိစေမယ့် စကားလုံးအသုံးအနှုန်းတွေကို ကြိုးစားရှာဖွေနေပါတယ်။ နအဖစစ်အုပ်စုအနေနဲ့ ယဉ်ကျေးတဲ့ ကမ္ဘာ့မိသားစုဝင်အဖြစ် လူသားဆန်တဲ့ တာဝန်သိမှုရှိဖို့ကိုလည်း အဲဒီကမ္ဘာ့ခေါင်းဆောင်တွေက သတိပေးပြောဆိုနေကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ချုပ်နှောင်ထားနိုင်ဖို့ လုပ်နေတဲ့ ဟန်ပြတရားရုံးစီရင်နေတဲ့ နအဖစစ်ဗိုလ်ချုပ်တွေရဲ့ ယဉ်ကျေးတဲ့ ကမ္ဘာ့မိသားစုဝင်ဖြစ်လိုစိတ်ရှိမရှိဆိုတာ သံသယဖြစ်စရာပါလို့ အမေရိကန်သမတ အိုဘားမားက ပြောဆိုပါတယ်။ ထိုင်းဝန်ကြီးချုပ် အဘီဆစ်ကလည်း သူ့အစိုးရဘေးကျပ်နံကျပ်ဖြစ်နေချိန်မှာတောင် မြန်မာအရေးမှာ နိုင်ငံတကာနဲ့တသားတည်းရှိမြင်ကြောင်း အရဲစွန့်ပြီး ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောလိုက်ပါတယ်။

မြန်မာနိုင်ငံတွင်း အကျယ်ချုပ်ချထားသူများအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံးလွှတ်ရေးနဲ့ နိုင်ငံရေးပါတီတွေအပေါ် ကန့်သတ်ချုပ်ချုပ်ချယ်ထားတာတွေကို ရုတ်သိမ်းပေးဖို့ ဟနွိုင်းမှာ ကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှ ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်ပါတယ်။

နအဖစစ်ဗိုလ်ချုပ်ကြီးများကတော့ နိုင်ငံတကာမှ တိုက်တွန်း တောင်းဆိုမှုတွေကို ပြည်တွင်းရေးဝင်ရောက်စွက်ဖက်တယ်လို့ ဆိုကာ ငြင်းဆိုလိုက်ပါတယ်။ နိုင်ငံတကာမှ တိုက်တွန်း တောင်းဆိုမှုတွေဟာ သူတို့ရဲ့ ထိုင်ခုံလှုပ်စေနိုင်တဲ့ အင်အားမပါရှိနိုင်ဟု နအဖစစ်ဗိုလ်ချုပ်များ ယူဆထားပုံရတဲ့အတွက် အခုလို ကမ္ဘာ့မိသားစုရဲ့ တောင်းဆိုမှုတွေကို ငြင်းဆန်နေဖြစ်ပါတယ်။ ရာစုနှစ်တဝက် နီးပါး တိုင်းပြည်ကို အမှောင်ချပြီး အုပ်ချုပ်လာခဲ့တဲ့ ဗိုလ်ချုပ်တွေအတွက် ကမ္ဘာ့အပြင်ဖက်မှာ အထီးကျန်ဆန်နေမှုဟာ ကျင့်သားရနေသလိုဖြစ်နေပါပြီ။

ပြည်တွင်းရေးဝင်မစွက်ရေးမူကို သိရှိထားတဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံကိုလည်း နအဖနိုင်ငံခြားရေးဝန်ကြီးက မြန်မာရဲ့ ဂုဏ်သိက္ခာ၊ ထိုင်းရဲ့ဂုဏ်သိက္ခာ၊ အာဆီယံရဲ့ ဂုဏ်သိက္ခာတွေကို စောင့်ထိန်းဖို့ပျက်ကွက်တယ်လို့ တုန့်ပြန်ပြစ်တင်ပြောဆိုပါတယ်။

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်တွင်းတရားရုံးမှာ နအဖတရားသူကြီးများက ဆက်လက်စစ်ဆေးနေပါတယ်။ အင်းစိန်တရားခွင်မှာ သံတမန်တချို့နဲ့ နိုင်ငံခြားသတင်းထောက်တချို့ဝင်ခွင့်ပြုလိုက်တာဟာလည်း နိုင်ငံကတာကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခြေအနေကို ခေါ်ပြလိုက်သလိုပါ။ ဒါပေမယ့် နိုင်ငံတကာကတော့ ဒါကို သတိနဲ့စောင့်ကြည့်နေကြတာပါ။

လေ့လာသုံးသပ်သူများကတော့ အခုလို အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ကို မတရားလုပ်ကြံတရားစွဲဆိုမှုရဲ့အဓိကရည်ရွယ်ချက်က နအဖစစ်ဗိုလ်ချုပ်တွေဟာ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကို အနှောင့်အယှက်မရှိကျင်းပနိုင်ရေးပဲဖြစ်တယ်လို့ဆိုပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၂၀၊ ၁၉၉၀ ရွေးကောက်ပွဲရဲ့ အတွေ့အကြုံအရ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်လွှတ်လပ်နေပါက နအဖစစ်ဗိုလ်ချုပ်တွေ အတွက် သိပ်ကို အန္တရာယ်ရှိတယ်လို့ ထင်နေတာပါ။ ၁၉၉၀ ရွေးကောက်ပွဲတုန်းက နအဖစစ်တပ်က ကျားကန်ပေးထားတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းက အမတ်နေရာ ၄၈၅ နေရာအနက် ၁၀ နေရာ ( ၂ ရာခိုင်နှုန်း) သာရရှိပြီ၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၃၉၂ နေရာရရှိပြီး ရွေးကောက်ပွဲကို အပြတ်အသတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုလို နှစ်ပေါင်းများစွာ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်နဲ့ ချုပ်ထားခဲ့တာဖြစ်ပါတယ်။

၂၀၀၃ မေလ ကစပြီး အကျယ်ချုပ်နဲ့နေခဲ့ရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ လာမယ့် မေ ၂၇ ရက်ဆိုရင် ၆ နှစ်ပြည့်လို့ လွှတ်ပေးရပါတော့မယ်။ ဒါပေမယ့် အထူးရဲတပ်ဖွဲ့ချုပ်မှ ဗိုလ်ချုပ်မြင့်သိန်းကတော့ ဒေါ်အောင်ဆန်းစုကြည်ကို နောက်ထပ်တရားဝင် ၆ လထပ်တိုးချုပ်ထားနိုင်တယ်လို့ပြောဆိုပါတယ်။ ဆိုလိုတာက လာမယ့် နိုဝင်ဘာ ၂၇ ရက်အထိ ဆက်ချုပ်ထားနိုင်တယ်လို့ဆိုတာပါ။

အမေရိကန်နိုင်ငံသား ရေကူးချံပီယန် ဂျွန်ယတ်ထော အင်းယားရေပြင်ကို ရေကူးဖြတ်ကျော်ပြီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်လာမှုကို ဟုတ်မှန်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ဝန်ခံပြောဆိုမှုကြောင့် အခုလိုတရားစွဲရတဲ့အထိဖြစ်ခဲ့ရပြီး။ ဒီရက်မတိုင်မီက သူမကို ပြန်လွှတ်ပေးဖို့ နအဖစစ်ဗိုလ်ချုပ်ကြီးများ ဆွေးနွေးတိုင်ပင်နေတာပါလို့ ရဲချုပ်နဲ့နီးစပ်တဲ့ သတင်းရပ်ကွက်မှ တိုးတိုးတိတ်တိတ်သတင်းထွက်ခဲ့ပါသေးတယ်။

ရေကူးချံပီယန် ဂျွန်ယတ်ထောရဲ့ စေတနာလွန်ကဲမှုကြောင့် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား တားဆီးမိန့်ကို ချိုးဖောက်တယ်ဆိုပြီး နအဖက လုပ်ကြံတရားစွဲဆိုခဲ့တာဖြစ်ပါတယ်။ တကယ်လို့သာ တရားလိုက အနိုင်ရပါက ဒေါ်အောင်ဆန်းစုကြည်ကို ၃ နှစ်မှ ၅ နှစ်အထိ ထောင်ချနိုင်တယ်လို့ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် အာဆီယံနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှ ပိုမိုကြိုးစားလုပ်ဆောင်သင့်ပါတယ်။ ကြေညာချက်ထုတ်ပြန်တောင်းဆိုတိုက်တွန်းရုံနဲ့တော့ အလုပ်မဖြစ်ပါဘူး။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ ထိုင်းနဲ့ တရုတ်တို့က ကုန်သွယ်စီးပွားလုပ်နေတာနဲ့ရင်းနှီးမြှုပ်နှံမှုတွေလုပ်နေတာတွေကြောင့်လည်း အမေရိကန်နဲ့ဥရောပနိုင်ငံများမှ စီးပွားရေးပိတ်ဆို့အရေးယူနေတာတွေဟာ နအဖစစ်ဗိုလ်ချုပ်တွေကို ထင်သလောက်အထိမနာစေဘူးဆိုတာ သိရှိနားလည်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# 2009 သတင်းပြက္ခဒိန်

**မေ ၃၀၊ AP**။။ ဒေါ်အောင်ဆန်းစုကြည်သည်သူ့အိမ်သို့ကျူးကျော်ဝင်လာသူ Yettaw အား ငြိငြင်မှုမရှိကြောင်း သူ၏ရှေ့နေမှဆို၏၊ သူမသည် အကျယ်ချုပ် ဖ နှစ်ပြည့်၏။

**မေ ၃၁၊ New Europe News** ။။ ကမ္ဘာ့ခေါင်းဆောင်များနှင့် လုပ်ငန်းအသီးသီးများမှ နာမည်ကျော်ပုဂ္ဂိုလ်များစုပေါင်းရေးသည့် အင်တာနက်ဝက်ဘ်စိုက်သစ်တခု (www.64forSuu.org ) မေ၂၇ တွင် စတင်ပေါ်ခဲ့၏။

**ဂျွန် ၁၊ Irrawaddy**။။ ဒေါ်အောင်ဆန်းစုကြည်အမှုတွင် နောက်ဆုံး ဆုံးဖြတ်ချက်ကို ကြိုတင်ပြင်ဆင်ရေးထားပြီး နအဖထိပ်သီးများဖတ်၍ အတည်ပြုပြီးဖြစ်နိုင်ကြောင်း အများမှယုံကြည်စိုးရိမ်နေကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများနှင့် ပြည်သူများအား မေးမြန်းမှုများကိုမှီး၍ အယ်ဒီတာဦးအောင်ဇော်မှ သတင်းဝေဖန်၏။

**ဂျွန် ၁၊ Irrawaddy** ။။ အသက် ၃၀ ရွယ် ကရင်အမျိုးသမီးတဦးအား နအဖတပ်စု ၂၈၃ မှ စုပေါင်းအဓမ္မပြုကျင့်ခဲ့ကြောင်း ကော့ကရိတ်မြို့ခံများမှ ဆို၏။

**ဂျွန် ၁၊ Mizzima**။။ ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်ထောင်အပြင်တွင် စိတ်ပူ၊ စောင့်စား၊ အားပေးသူများအကြား သစ္စာဂျာနယ် အရောင်းသွက်ခဲ့၍ နအဖအာဏာပိုင်များသည် မေ၂၅ တွင် ဗိုလ်တထောင်ရှိ သစ္စာဂျာနယ်၏ရုံးခန်းအား ဝင်စီးခဲ့ကြောင်း။

**ဂျွန် ၁၊ Mizzima** ။။ ဗြိတိသျှတေးသံရှင် Jane Birkin သည် ပြင်သစ်မှ Total ၏ ထိပ်ဆုံးအလုပ်အမှုဆောင် Christophe de Margerie ထံ တိုတဲလ်ရေနံလုပ်ငန်း၏ မြန်မာနှင့် ဖက်စပ်လုပ်မှုမှ ရရှိသောအကျိုးအမြတ်များကို ကုလသမဂ္ဂ၏ ချုပ်ထိန်းမှုအောက်သို့ထားခြင်းကို လက်ခံရန် မေ၂၆ နေ့စွဲဖြင့် အိပ်ဖွင့်စာပေးခဲ့ကြောင်း။

**ဂျွန် ၁၊ Guardian** ။။ အီးယူသည် မြန်မာ(နအဖ)အပေါ် စုပေါင်းရုံမက ထိမိသည့်စုစည်းအင်အား အမြန်ဆုံး သုံးသင့်ကြောင်း သတင်းစာအာဘော်မှ ဆို၏။

**ဂျွန် ၁၊ Press Gazette** ။။ နိုင်ငံဘာထုတ် G2 စာစောင်တွင် ဒေါ်အောင်ဆန်းစုကြည်အား မကောင်းဖက်မှ ခေါင်းစည်းတပ် ဝေဖန်ခဲ့သည့် Cathy Scott-Clark နှင့် Adrian Levy တို့အတူရေးပြီး အမှားတဒါဇင်ခန့်ပါသည့် စာလုံးရေ ၂၂၀၀၀ ပါဆောင်းပါးအတွက် Guardian မှ ဝန်ခံတောင်းပန်၏။

**ဂျွန် ၁၊ EarthTimes** ။။ မြန်မာတွင် ဖိနှိပ်ချုပ်ချယ်မှုကင်း၍ လွတ်လပ်သောလူမှုစနစ်ကျင့်သုံးပါက ဒေသတွင်းလုံခြုံမှုအတွက် အထူးကောင်းမွန်မည်ဟု ထိုင်းမှဆို၏။

**ဂျွန် ၁၊ IOL** ။။ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ရန် Free Aung San Suu Kyi နံရံစာတမ်းများ ညအချိန်တွင် ဆေးမှုတ်လူထုလှုပ်ရှားမှုများ ရန်ကုန်တွင် စတင်နေ၏။

**ဂျွန် ၁၊ Nasdaq** ။။ နအဖ၏ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကျူးလွန်မှုများကြောင့် ကမ္ဘာနှင့်စီးပွားတိုးချဲ့လုပ်နေသော အာဆီယံသည် ပိုမိုအခက်တွေ့နေကြောင်း။

**ဂျွန် ၂၊ KL** ။။ မြန်မာများအား မလေးရှားသည် ထိုင်းမှလူကုန်ကူးသူများလက်သို့ထည့်ခဲ့သည့်စွပ်စွဲချက်များမမှန်ကန်ကြောင်း မလေးအာဏာပိုင်များမှ ငြင်း၏။

**ဂျွန် ၂၊ SEOUL-DVB**။။ ကမ္ဘာ့ပြည်သူဆန္ဒကို လေးစားကာ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရန် တောင်ကိုးရီးယားမှ ဆိုးလ်ရောက် အာဆီယံအစည်းအဝေးတခုတက်နေသူ နအဖဝန်ကြီးဆိုသူ ဗိုလ်ချုပ်သိန်းစိန်သို့ တောင်းဆို၏။

**ဂျွန် ၂၊ DVB**။။ ဦးကျော်သူ(ရုပ်ရှင်)ဦးစီးသည့် နာရေးကူညီမှုအသင်းပိုင်ကားများ ပိုဝေးရာ နေရာပြောင်းခံရ၍ နာရေးကိစ္စကူညီမှုတွင် အခက်အခဲများလာကြောင်း။

**ဂျွန် ၂၊ DVB** ။။ ဒေါ်အောင်ဆန်းစုကြည် ဘက်အတွက် သက်သေပယ်ချမှုကို တိုင်းတရားရုံး၌ ပြင်ဆင်အမှုဖွင့်ခဲ့၏။

**ဂျွန် ၃၊ DVB**။။ ဒေါ်အောင်ဆန်းစုကြည် ဘက်က တင်ပြသည့် သက်သေ ၃ ဦးဖြစ်သော ဦးတင်ဦး၊ ဦးဝင်းတင်နှင့် တောင်ကြီးမှ ဒေါ်ခင်မိုးမိုးတို့ကို ပြန်လက်ခံရေးကိစ္စ ကြားနာစဉ်းစားမည်ဟု ရန်ကုန်တိုင်းတရားရုံးမှ ဆုံးဖြတ်လိုက်၏။

**ဂျွန် ၄၊ DVB**။။ နာဂစ်မုန်တိုင်းဘေးသင့် သေသခံများ၌ စိတ်ပိုင်းပြန်လည်ထူထောင်ရေး ငွေကြေးအကူအညီ မလုံလောက်သေးဟု သိတဂူဆရာတော် ဦးဉာဏိဿရမှ ဒီဗွီဘီ၏မေးမြန်းခန်းတွင် ဆို၏။

**ဂျွန် ၄၊ SHAN** ။။ ဝတပ်များခရီးသွားစဉ် နအဖတပ်မှစစ်ဆေးမည်ဟုဆို၍ စကားများခဲ့သော်လည်း မစစ်ဆေးဖြစ်ခဲ့ကြောင်း။

**ဂျွန် ၅၊ DVB** ။။ ဒေါ်အောင်ဆန်းစုကြည်အမှု အပြီးသတ်လျှောက်လဲရန်ဖြစ်သော်လည်း သက်သေများထပ်စစ်မည်ဖြစ်၍ ယနေ့မဆုံးဖြတ်နိုင်သေးဟု ရုံးမှဆိုကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းမှဆို၏။

**ဂျွန် ၄၊ DVB** ။။ မေ ၃၀ တွင် ဗိုလ်ချုပ်သန်းရွှေနှင့်ဇနီး ဦးစီးထီးတင်သည့် ဒလရှိ ခနတ်စေတီဟောင်းကို အသစ်မွမ်းမံစဉ် တစိတ်တဒေသပြိုကျခဲ့မှုတွင် စစ်သားများစွာနှင့် အရပ်သားအနည်းငယ်သေဆုံးမှုများရှိခဲ့ကြောင်း မျက်မြင်သက်သေများမှဆို၏၏ ဤသတင်းပိတ်ထားရန် နအဖမှခြိမ်းခြောက်နှုတ်ပိတ်မိန့်ထုတ်ထား၏။

**ဂျွန် ၅၊ DVB** ။ ။ ကော့သောင်းတွင်လည်း ရက်အနည်းငယ် မြေပြိုမှု လူထိခိုက် အိမ်ပြိုမှုများဖြစ်ခဲ့ကြောင်း။

**ဂျွန် ၅၊ Bangalore**။။ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးကို တိုင်းရင်းဘာသာစကားများဖြစ် အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့တွင် စုပေါင်းသီဆို ဆန္ဒပြခဲ့၏။ လက်မှတ်ထိုးပွဲလုပ်ခဲ့၏။ ဒီမိုကရေစီအင်အားစုဖက်မှ ဒေါက်တာတင့်ဆွေလည်း တက်ရောက်ဟောပြောခဲ့၏။

**ဂျွန် ၅၊ DVB**။။ နိုင်ငံရေးမဟုတ်သော မိသားစုတစုမှ မိသားစုဝင်အား မတရားဖမ်းထားမှုဖြင့် ပိုစတာ စာတမ်းကိုင်၍ ဗဟန်းတွင် ဆန္ဒပြခဲ့ကြောင်း၊ အမေရိကန်သံရုံးမှ ၄င်း မျက်မြင်ဒေသခံများမှ၄င်း ဆို၏။

**ဂျွန် ၅၊ KL** ။။ ကွာလာလန်ပူတွင် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ရန် လူထုလှုပ်ရှားမှုတခု ယနေ့ကျင်းပခဲ့ကြောင်း။

**ဂျွန် ၅၊ Monsters andCritics** ။။ မုံရွာ ဖောမိတထောင်ရပ်တော်မူစေတီရှိ ဓါတ်လှေခါး ပြုတ်ကျ၍ ဆရာတော် ၂ ပါးထိခိုက်မိကြောင်း။

**ဂျွန် ၅၊ Bloomberg**။။ ထိုင်းနှင့်တရုတ်တို့၏ မြန်မာနှင့်သဘာဝဓါတ်ငွေ့ကုန်သွယ်မှုသည် နအဖအား အပြည်ပြည်ဆိုင်ရာ၏တောင်းဆိုမှုများကို လျစ်လျူရှုရန်ကူညီနေ၏။

**ဂျွန် ၅၊ Atlanta Journal**။။ ကမ္ဘာတွင် အရေးအခင်းကြီးတခုဖြစ်လျှင် နအဖသည် ထွက်ပေါက်ရ၍ နအဖအားမျက်ချေမပြတ်သင့်ကြောင်း Frida Ghitis မှ သုံးသပ်၏။

**ဂျွန် ၅၊ Borneo Bulletin**။။ ဒေါ်အောင်ဆန်းစုကြည်အားထောက်ခံသူ မြန်မာ့ဒီမိုကရေစီဘက်တော်သား ၃၀ ခန့်သည် နအဖသံရုံးရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးသမားများလွှတ်မြောက်ရေးကို ယမန်နေ့က ဟစ်ကြွေးတောင်းဆို၏။

**စာမျက်နှာ ၁၄ သို့**

# မြန်မာ့အရေး စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ဘို့ အထူးကိုယ်စားလှယ်အကြံပြု

**VOA၊ ဇွန် ၃။ ။** မြန်မာပြည်တွင်း လူ့အခွင့်အရေးအခြေအနေတွေကို စုံစမ်းစစ်ဆေးပေးဘို့ ၂၀၀၀ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အထိ တာဝန်ယူခဲ့တဲ့ ကုလသဂ္ဂအထူးကိုယ်စားလှယ် Paulo Sergio Pinheiro က ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ မြန်မာစစ်အစိုးရရဲ့ လူသားမဆန်တဲ့ ရာဇဝတ်မှုကျူးလွန်ခဲ့တာတွေနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်တခု အမြန်ဆုံးဖွဲ့စည်းသင့်တယ်လို့ နယူးယောက်ခ်တိုင်းမ်စ်သတင်းစာမှာ မေလ ၃၀ ရက်နေ့က ဆောင်းပါးတပုဒ်ရေးပြီး တိုက်တွန်းခဲ့ပါတယ်။

Mr.Pinheiro က ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေပြန်လွှတ်ပေးဘို့ သူ့အနေနဲ့အတန်တန်တိုက်တွန်းခဲ့ပေမယ့်လည်း အရာမရောက်ခဲ့ဘူးလို့ဆိုပါတယ်။ အနည်းဆုံးတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတကာရဲ့အာရုံစူးစိုက်မှုကို ထိုက်ထိုက်တန်တန်ခံနေရပေမယ့် မြန်မာနိုင်ငံလူဦးရေစုစုပေါင်းရဲ့ သုံးပုံတပုံလောက်ရှိတဲ့ လူနည်းစုတိုင်းရင်းသားတွေကတော့ နိုင်ငံတကာရဲ့မသိကျိုးကျွံပြုခြင်းတွေရဲ့နောက်ကွယ်မှာ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားနေရတယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့ ၁၅ နှစ်အတွင်း လူနည်းစုတိုင်းရင်းသားကျေးရွာပေါင်း ၃,၃၀၀ ကျော်ဖျက်ဆီးခြင်းခံနေရတဲ့အပြင် အဓမ္မလုပ်အားပေးခိုင်းစေမှုတွေ ကလေးစစ်သားစုဆောင်းမှုတွေ၊ ကျေးရွာကအမျိုးသမီးတွေကို မြန်မာစစ်သားတွေမုဒိမ်းကျင့်မှုတွေ ပြုခဲ့တဲ့အပေါ်မှာ စစ်အစိုးရကတာဝန်ယူဘို့ ပျက်ကွက်ခဲ့တယ်လို့ Mr.Pinheiro ကထောက်ပြပါတယ်။

နောက်နောင်မှာ ဆိုးရွားတဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်လက်ကျူးလွန်းခြင်းက ကာကွယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီအနေနဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ် အမြန်ဆုံးဖွဲ့စည်းဘို့ Mr.Pinheiro က အကြံပြုတိုက်တွန်းခဲ့ပါတယ်။ လက်ရှိ မြန်မာ့နိုင်ငံအရေး အရှုပ်အရှင်းအပေါ် ဘယ်လိုသုံးသပ်မိလို့ ခုလိုအကြံပြုတိုက်တွန်းခဲ့ပါသလဲ ဆိုတာကိုသိရအောင် Mr.Pinheiro ကို ဆက်သွယ်မေးမြန်းကြည့်ပါတယ်။

“ကျနော်ပထမဆုံး ဖောင်းပေးပြောချင်တာကတော့ ဒီလိုပါ။ မြန်မာပြည်ရဲ့ပြဿနာဟာ ဒေသတွင်းလုံခြုံရေးအတွက် ခြိမ်းခြောက်မှုတရပ်မဟုတ်ဘူးဆိုပြီး မြန်မာ့အိမ်နီးချင်းတချို့က လွယ်လွယ်နဲ့ဆင်ခြေပေးတာဟာ မြန်မာ့အရေးနဲ့ပတ်သက်ပြီး ခိုင်မာပြီးပြည့်စုံတဲ့သုံးသပ်ချက်မျိုးမဟုတ်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ နိုင်ငံပေါင်း ၂၀ ရဲ့အမှုကိစ္စတွေမှာ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေတွေကို ချိုးဖောက်တဲ့အပေါ်အခြေခံပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ ဆုံးဖြတ်ချက်ချမှတ်တာတို့ ကြားဝင်ဖြေရှင်းတာမျိုးတို့ ပြုလုပ်ခဲ့ဘူးပါတယ်။

မြန်မာ့အရေးဟာ ဒေသတွင်းလုံခြုံရေးအတွက် ခြိမ်းခြောက်မှုရှိ မရှိဆိုတာကို ခွဲခြမ်းစိတ်ဖြာနိုင်တဲ့ နည်းတွေထဲကတခုကတော့ စုံစမ်းစစ်ဆေးရေးကော်မရှင်တခု ဖွဲ့စည်းတာဘဲဖြစ်ပါတယ်။ ကျနော့အနေနဲ့ အရှေ့တီမောနဲ့တိုဂိုနိုင်ငံအရေးနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခဲ့တုန်းက ကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့ဘူးပါတယ်။ နိုင်ငံတကာအနေနဲ့ မြန်မာ့နိုင်ငံရေးပြဿနာ နှစ်ရှည်လများရှေ့ဆက်မတိုးနိုင်တဲ့အဖြစ်ဆိုးကနေ အမြန်ဆုံးရုန်းထွက်နိုင်ဘို့လိုအပ်ပါတယ်။”

အခုချိန်အထိ မြန်မာ့အရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂရဲ့ဆောင်ရွက်ခဲ့မှုအပေါ် ဘယ်လိုမြင်ပါသလဲ…

“ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနဲ့ မြန်မာ့နိုင်ငံရေးပြဿနာကိုဖြေရှင်းဘို့ မိတ်ဆွေ ၁၄ နိုင်ငံအဖွဲ့ကို ဖွဲ့စည်းလိုက်တာကိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒီအဖွဲ့ကသိပ်ကြီးလွန်းတယ်လို့ထင်ပါတယ်။ မြန်မာ့အရေးအတွက် ပိုပြီးကျစ်ကျစ်လစ်လစ်ဆောင်ရွက်နိုင်တဲ့ နိုင်ငံသုံးလေးနိုင်ငံလောက်ပါတဲ့ အဖွဲ့ဆိုရင် ပိုထိရောက်မယ်လို့ ကျနော်မြင်ပါတယ်။ ဥပမာ အမေရိကန်၊ အာဆီယံ၊ တရုတ်နဲ့ကုလသမဂ္ဂတို့ပါဝင်တဲ့အဖွဲ့ လိုမျိုးပေါ့။ ဒီအဖွဲ့ကနေတဆင့် လိုအပ်ရင်လိုအပ်သလို တခြားနိုင်ငံတွေနဲ့ပါ ဆွေးနွေးတိုင်ပင်လို့ရတာပေါ့။”

အဲဒီလို အဖွဲ့မျိုးဖွဲ့စည်းတယ်ထားဦး၊ သူတို့က ဘယ်လိုကိစ္စတွေကို လုပ်ဆောင်နိုင်မှာလဲ။ လုပ်ဆောင်သင့်တယ်လို့ထင်ပါသလဲ…

“နောက်အရေးကြီးတာတခုက ပြီးခဲ့တဲ့ ၈ နှစ်တာကာလအတွင်း ကျနော့အနေနဲ့ ထပ်ခါတလဲလဲပြောခဲ့ပါတယ်။ ချဉ်းကပ်ပုံပေါ်လစီတမျိုးနဲ့ အလုပ်မဖြစ်နိုင်ပါဘူးဆိုတာ တကယ်ဘဲ လိုအပ်နေတာက ဘက်ပေါင်းစုံကချဉ်းကပ်မှုတွေလိုအပ်တယ်။ ချဉ်းကပ်မှုအားလုံးဟာလည်း ဟန်ချက်ညီဘို့လိုတဲ့အပြင် တစိုက်မတ်မတ်ဆောင်ရွက်ဘို့အရေးကြီးပါတယ်။ ကျနော် မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် တာဝန်ယူခဲ့စဉ် ၈ နှစ်တာကာလအတွင်း ဒီလိုမျိုး တခါမှမရှိခဲ့ဘူးပါဘူး။”

“ဥပမာ – အခု အမေရိကန်သမတ အိုဘားမားက မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ပြစ်ဒဏ်ခတ်တဲ့မှုကို သုံးသပ်နေပါတယ်။ ကျနော့အနေနဲ့ ပိတ်ဆို့ဒဏ်ခတ်မှုကို ရုတ်သိမ်းလိုက်ဘို့ တခါမှ အကြံမပြုခဲ့ဖူးပါဘူး။ ဒါပေမယ့် ပိတ်ဆို့မှုတခုတည်းနဲ့ မလုံလောက်ပါဘူး။ သံတမန်ရေးလမ်းကြောင်းကနေလည်း ထိထိမိမိပူးတွဲဆောင်ရွက်ဘို့ အင်မတန်အရေးကြီးပါတယ်။”

သံတမန်လမ်းကြောင်းကဆိုလို့ အာရှနိုင်ငံတွေကလည်း သူတို့စကားနဲ့ပြောရရင် အပြုသဘောဆောင်တဲ့ သံတမန်လမ်းကြောင်းကနေ မြန်မာစစ်အစိုးရကို ထိတွေ့ဆက်ဆံနိုင်ပေမယ့် သိပ်မထူးဖြစ်နေတော့ Mr.Pinheiro အနေနဲ့ သံတမန်လမ်းကြောင်းအရ ဒီထက်ထိရောက်အောင် ဘယ်လိုလုပ်နိုင်မယ်လို့ထင်ပါသလဲ…

“မြန်မာနိုင်ငံဟာ တရုတ်နဲ့အိန္ဒိယကြားမှာရှိတာကြောင့် ပထဝီနိုင်ငံရေးအရ သံတမန်နည်းအရ ချဉ်းကပ်ဘို့မဖြစ်မနေလိုအပ်ပါတယ်။ ဒါပေမယ့် အာရှနိုင်ငံတွေပြောနေတဲ့ အပြုသဘောဆောင်တဲ့ ထိတွေ့ဆက်ဆံမှုမျိုးကို ကျနော်မဆိုလိုပါဘူး။ ထင်ထင်ပေါ်ပေါ်နဲ့ ကမ္ဘာကိုသိစေဘို့ရုံလောက်နဲ့ ဟန်သဘောနဲ့တွေ့ဆုံတာမျိုးမဟုတ်ဘဲ တကယ်ဘဲ အသံတိတ်တိတ်နဲ့ ကန့်လန့်ကာနောက်ကွယ်ကဘဲ ဖြစ်ဖြစ် အဖြေမထွက် ထွက်တဲ့အထိ အကြိတ်အနယ်ဆွေးနွေးပြောဆို ညှိနှိုင်းတဲ့ပုံစံမျိုးကိုဆိုလိုတာပါ။”

“အချုပ်ပြောရရင်တော့ မြန်မာပြည်တွင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး လုံခြုံရေးကောင်စီအနေနဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ဖွဲ့စည်းဘို့ဆိုတာဟာ မြန်မာ့နိုင်ငံရေးပြဿနာဖြေရှင်းရာမှာ အကျိုးရှိမယ်လို့ထင်တဲ့ ချဉ်းကပ်ပုံမှုအမျိုးမျိုးထဲက တခုသာဖြစ်ပါတယ်။ တကယ်ဘဲထိရောက်အောင်ဆိုရင် ဘက်ပေါင်းစုံ၊ ရှုထောင်ပေါင်းစုံကနေ တပြိုင်နက်တည်း ဟန်ချက်ညီညီဆောင်ရွက်ပြီး ကောက်ရိုးမီးလိုမဟုတ်ဘဲ တစိုက်မတ်မတ်ဆောင်ရွက်သွားဘို့ လိုအပ်ပါတယ်။” ပါမောက္ခ Mr.Pinheiro ကရှင်းပြခဲ့တာဖြစ်ပါတယ်။

---

## ဒေါ်စုကိုလွှတ်ရန် ရောဘတ်ဂိတ်တောင်းဆို

**DVB၊ မေ ၃၁။ ။** ဒေါ်အောင်ဆန်းစုကြည်အပါဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးလွှတ်ပေးပြီး စစ်မှန်တဲ့ ဆွေးနွေးပွဲတွေလုပ်ဖို့ အမေရိကန် ကာကွယ်ရေးဝန်ကြီးက နအဖစစ်အုပ်စုကို တိုက်တွန်းလိုက်ပါတယ်။

အာဆီယံအဖွဲ့ဝင် စင်္ကာပူနိုင်ငံမှာ ကျင်းပနေတဲ့ ဒေသတွင်း လုံခြုံရေးအဆင့်မြင့် အစည်းအဝေးကိုတက်ရောက်နေတဲ့ အမေရိကန် ကာကွယ်ရေးဝန်ကြီး Robert Gates က အခုလို တိုက်တွန်းလိုက်တာပါ။

“မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ အပြောင်းအလဲ ဖြစ်တာကို ကျနော်တို့ မြင်ချင်ပါတယ်။ အဲဒီအတွက် အောင်ဆန်းစုကြည်အပါဝင် နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးပါ။ အဲဒီနောက် စစ်အစိုးရနဲ့ အတိုက်ခံတို့အကြား စစ်မှန်ပြီး လုပ်ငန်းစဉ်အတိအကျရှိတဲ့ နိုင်ငံရေးအရ အဓိပ္ပာယ်ရှိတဲ့ဆွေးနွေးပွဲလုပ်ပါ”လို့ဝန်ကြီး Robert Gates က မြန်မာစစ်အစိုးရကို တိုက်တွန်း လိုက်တာ ဖြစ်ပါတယ်။

စစ်အုပ်စုလက်အောက် မြန်မာနိုင်ငံအခြေနေဟာ အထီးကျန်ခြင်း၊ ပိုင်းပယ်ခံထားရခြင်းတွေနဲ့ ကြုံနေရပြီး လွတ်လပ်ခွင့်၊ ကြီးပွားချမ်းသာခွင့်တွေ မရရှိဘဲဖြစ်နေတယ်လို့ Robert Gates က ဝေဖန်ခဲ့ကြောင်း အေဂျင်စီသတင်းတွေမှာဖော်ပြထားပါတယ်။




# သတင်းတိုထွာ ဖတ်စရာက ကျော်စံကြွေး

## အယောင်ဆောင်တရားရုံး

နအဖရဲ့ဒုတိယကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်က စင်္ကာပူမှာ ပြုလုပ် တဲ့ အာဆီယံလုံခြုံရေးဆိုင်ရာဆွေးနွေးပွဲတခုမှာ ဒေါ်အောင်ဆန်းစုကြည် ဟာ ပြစ်မှုကျူးလွန်တဲ့သူဖြစ်တာကြောင့် သူ့ကိုအပြစ်ပေးရမယ်လို့သတင်းထောက် တွေကို ပြောဆိုခဲ့ပါတယ်။ သူမရဲ့အမှုကို တရားရုံးမှာစစ်ဆေးနေလို့မပြီးခင်မှာ အပြစ်ရှိတယ်လို့ပြောတာက စစ်အာဏာရှင်တွေဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး စီရင် ချက်ဟာ တရားရုံးမစခင်ကတည်းက ချမှတ်သားပြီးဖြစ်နေတာကို ဖော်ပြနေ ပါတယ်။ **(BANGKOK POST, 3.6.2009)**

---

## ဒေါ်စုအတွက်ရပ်တည်တဲ့ အမျိုးသမီးအမတ်များ

ထိုင်းအမျိုးသမီးအမတ် ၂၂ ဦးဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရန် တောင်းဆိုလိုက်ပါတယ်။ အဲဒီအမတ် တွေက ဒေါ်စုဟာ လူလူချင်းစာနာတဲ့အနေနဲ့ ကူညီပံ့ပိုးမှုကိုသာလုပ်တာဖြစ်တဲ့ အတွက် မြန်မာအာဏာပိုင်တွေအနေနဲ့ ပြန်လွှတ်ပေးဖို့ ပြင်းပြင်းထန်ထန်တောင်း ဆိုပါတယ်လို့ ဆိုပါတယ်။ **(EARTH TIMES, 3.6.2009)**

---

## တကမ္ဘာလုံးလုပ်ဆောင်ကြပါ

နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဘုန်းတော်ကြီး ဒက်စ်မွန်တူတူက ဒေါ်အောင် ဆန်းစုကြည်တရားရင်ဆိုင်နေရတဲ့ကိစ္စမှာ တကမ္ဘာလုံးအနေနဲ့သူမလွှတ်မြောက် ရေးကို ဝိုင်းဝန်းလုပ်ကိုလုပ်ရမယ်လို့ ပြောဆိုလိုက်ပါတယ်၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ နိုဘဲလ်ဆုရှင်တွေနဲ့ တခြားအထင်ကရ ပုဂ္ဂိုလ်တွေပါဝင်တဲ့ ကမ္ဘာ့လူကြီး လူ ကောင်းများအဖွဲ့ကလည်း ဒက်စ်မွန်တူတူကဲ့သို့ပင် ဒေါ်စုကို ထောက်ခံအားပေး တဲ့စုပေါင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသေးတယ်။ **(EKKLESIA, 31.5.2009)**

---

## အိုင်ဗင်ဟိုးရှယ်ယာ တရုတ်လက်သို့လွှဲမည်

မြန်မာနိုင်ငံမှာ ကြေးနီတူးဖော်ထုတ်လုပ်ရေးကိုလုပ်ကိုင်နေတဲ့ ကနေဒါက အိုင်ဗင်ဟိုးကုမ္ပဏီဟာ သူပိုင်တဲ့ရှယ်ယာတွေကို တရုတ်လက်သို့ လွှဲပြောင်း ရောင်းချတော့မယ်လို့သိရပါတယ်။ တနှစ်ကို ကြေးနီတန်ချိန် ၄ သောင်းလောက် ထွက်ရှိတဲ့ စီမံချက်မှာရင်းနှီးမြှုပ်နှံလို့ အိုင်ဗင်ဟိုး ကနေဒါဟာ ပြစ်တင်ရှုတ်ချခံ နေရတာတွေ တိုးတက်လာနေတာကြောင့် အခုလိုမြန်မာနိုင်ငံက ထွက်ခွာဖို့ရာ ဖြစ်လာတာပါ။ **(MIAAIMA, 3.6.2009)**

---

## ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံလှုပ်ရှားမှု

မိတ္တီလာမြို့နယ် အဲန်အဲလ်ဒီအဖွဲ့ဝင်များက ဒေါ်အောင်ဆန်းစုကြည်လွတ် မြောက်ရေးအတွက်လှုပ်ရှားမှုတခုအဖြစ် ဒေါ်စုရဲ့ဓာတ်ပုံတွေကို ပြည်သူလူထု အကြားဖြန့်ဝေတာကို စတင်လုပ်ဆောင်နေတယ်လို့သိရပါတယ်၊ ဒေါ်စုရဲ့ ဓာတ်ပုံ ၃၀၀၀ ကျော်ကို မြင်းခြံဈေးထဲမှာ ပြည်သူလူထုတွေကို ဖြန့်ချိနိုင်ခဲ့ကြပါတယ်၊ **(Irrawaddy, 4.6.2009)**

---

## ငြိမ်းချမ်းမှုအဆင့် ၁၂၆

မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ငြိမ်းချမ်းမှုအဆင့် ၁၂၆ မှာရှိတယ်လို့သိရ ပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးအညွှန်းပြအဖွဲ့က နိုင်ငံပေါင်း ၁၄၄ နိုင်ငံကို လေ့လာ ဆန်းစစ်ချက်များပြုလုပ်ခဲ့ပြီးတဲ့နောက် နိုင်ငံအလိုက် ငြိမ်းချမ်းမှုအဆင့်တွေကို ဖော်ပြလိုက်တာပါ၊ မြန်မာနိုင်ငံဟာ မြောက်ကိုရီးယား၊ ပါကစ္စတန်၊ အာဖဂန် နစ္စတန်တို့ရဲ့အရှေ့မှာကပ်လျက်ရှိပြီး အနည်းငယ်မျှသာလွန်ကောင်းမွန်ပါတယ်။ **(MIZZIMA, 2.6.2009)**

---

## ညှုကာလီယားတွေ မှုလိုပေါ်ပါတယ်

အာဆီယံနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဗီယက်နမ်တို့ဟာ ညှုုးကာလီယားစွမ်းအင်ကို လောင်စာအတွက် အသုံးပြုဖို့ ရည်မှန်းချက်တွေရှိတယ် လို့ သိရပါတယ်၊ မြန်မာစစ်အာဏာပိုင်တွေကလည်း ၂၀၀၂ ခုနှစ်မှာ ရုရှားဆီ ကနေ ညှုကာလီယားဓာတ်ပေါင်းဖို လုပ်ငန်းတွေကို ရယူနေပါတယ်၊ ဒါကြောင့် ဒီလိုနိုင်ငံမျိုးတွေရဲ့ခြေလှမ်းတွေကို သတိထားဖို့ လိုနေပါတယ်။ **(JAKAPTA POST, 1.6.2009)**

---

## ဓနုတ်နိမိတ်

မေလဆန်းလောက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ဒေါ်ကြိုင်ကြိုင်က ရေး ဟောင်း ဘုရားတဆူဖြစ်တဲ့ ဒလမြို့နယ်တွင်းမှာရှိတဲ့ ဓနုတ်ဘုရားကို ထီးတင်ခဲ့ ပါတယ်၊ ဒါပေမယ့်လည်း ဘုရားမွမ်းမံပြင်ဆင်ရေးလုပ်ငန်း အပြီးမသတ်သေး ခင်မှာပဲ ၂ ရက်လောက်မိုးသည်းထန်စွာရွာပြီးတဲ့နောက် ဘုရားပြိုကျပျက်စီး သွားခဲ့ပါ တယ်။ ဒေသခံတွေကို ဒီအကြောင်းမပြောရလို့ ခြိမ်းခြောက်မှုတွေလုပ်ပြီး ပိတ်ပင်မှုတွေလုပ်ထားတယ်လို့ သိရပါတယ်။ နအဖတို့စတင်အားယုတ်ပြိုကျ တော့မယ့်နိမိတ်ပဲလို့ဆိုနေကြပါတယ်။ **(IRRAWADDY,VOB, 3.6.2009)**

---

## အသံတိတ်မကျေနပ်ချက်

ဒေါ်အောင်ဆန်းစုကြည်ကို စစ်အာဏာပိုင်တွေက မတရားစွဲချက်တွေနဲ့ တရားရုံးတင်စစ်ဆေးပြီး အပြစ်ပေးဖို့ကြိုးပမ်းတဲ့လုပ်ရပ်တွေကို ပြည်သူတွေ ဟာ မကျေမချမ်းဖြစ်နေကြပါတယ်၊ ဒါကြောင့်လည်း သူတို့ရဲ့မကျေနပ်ချက် တွေကို ဖော်ပြတဲ့အနေနဲ့ မှုတ်ဆေးတွေနဲ့ အဆောက်အဦနံရံတွေမှာ ဒေါ်စု ကိုလွှတ်ပေးဆိုတဲ့စာတွေကို ရေးသားတွေလုပ်နေကြတယ်လို့ သိရပါတယ်။ **(MSNBC, 1.6.2009)**

# လွတ်လပ်ရေးရတိုင်း မကောင်းဘူးဟု ဝါရင့်နိုင်ငံရေးသမား သခင်သိန်းဖေ ပြော

**DVB | ၂ျွန် ၁ ။ ။** ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေရဲ့ ၉၃ နှစ်မြောက် မွေးနေ့ကို ရန်ကုန်မြို့က သူရဲ့နေအိမ်မှာ ဒီနေ့မနက်ပိုင်းက ကျင်းပခဲ့ပြီး ဝါရင့် နိုင်ငံရေးသမားကြီးတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေနဲ့ အဖွဲ့ချုပ်ဝင်တွေ တက်ရောက်ခဲ့ကြပါတယ်။

မနက် ၉ နာရီခွဲလောက်မှာ အားလုံး ထမင်းလက်ဆုံစားခဲ့ကြပြီး အမှတ်တရ စကားတွေပြောခဲ့ကြတယ်လို့ သွားရောက်ခဲ့တဲ့ အဖွဲ့ချုပ်ဗဟိုပြန်ကြားရေး အဖွဲ့ဝင် ဒေါက်တာဝင်းနိုင်က ပြောပါတယ်။

"သခင်သိန်းဖေက အခုအသက် ၉၃ နှစ်ဆိုတော့ အသက်ကြီးလာပြီပေါ့။ တခါတုန်းက ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြောတာကို သူအမှတ်ရမိတယ်တဲ့။ သခင်သိန်းဖေနဲ့ ရုပ်ရှင်ဒါရိုက်တာ ဆရာဦးသုခက ဆရာကြီးသခင်ကိုယ်တော်မှိုင်း နေမကောင်းတော့ သူ့ကို သွားပြုစုကြတာပေါ့။ နှိပ်နယ်ပေးကြတဲ့အချိန်မှာ ဦးသုခကိုမေးတယ်တဲ့။ အိုမင်းမစွမ်းဆိုတာကို နားလည်လားတဲ့။ ဦးသုခကလည်း သခင်သိန်းဖေကို ဖြေခိုင်းတယ်။ သခင်သိန်းဖေကလည်း ဦးသုခကိုဖြေခိုင်းတယ်။ နောက်ဆုံး ဆရာကြီး ဦးသုခက ပြောတယ်၊ အိုမင်းမစွမ်းဆိုတာတဲ့၊ 'အိုရင် မင်းမစွမ်းတော့ဘူး။ အဓိပ္ပာယ်က အဲဒါပဲ'တဲ့။ "

သူ အသက်ကြီးလာပြီ ဆိုပေမယ့်လည်း ဗမာပြည်လွတ်လပ်ရေးအတွက်ကို ဆက်လက်ပြီး တိုက်ပွဲဝင်မယ်လို့ လာတဲ့ဧည့်သည်တွေကို သခင်သိန်းဖေက နှုတ်ခွန်းဆက်စကား ပြောပါတယ်။ သခင်သိန်းဖေ ပြောပြီးတဲ့အခါမှာ အန်အယ်လ်ဒီက အန်ကယ်လ်ဦးဝင်းတင်၊ ရှမ်းပြည်နယ်က ဦးကြည်အုံး၊ ဦးအောင်မြင့်နဲ့ ရှေ့နေကြီးဦးပန်းတင်တို့ စကားပြောကြပါတယ်။ အန်ကယ်ဦးဝင်းတင်ကတော့ အိုမင်းမစွမ်းဆိုတာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့လူကြီးသူမ စကားမို့ မှတ်သားဖွယ်ရာဆိုပေမယ့် အိုမင်းနေလို့ မစွမ်းတာမဟုတ်ပါဘူးတဲ့။ အခုသခင်သိန်းဖေကိုကြည့်ရင် အိုမင်းသော်လည်း လွတ်လပ်ရေးတိုက်ပွဲတွေလည်း ဝင်ခဲ့တယ်၊ အခု ဒီမိုကရေစီတိုက်ပွဲမှာလည်း ဆက်လက်ပြီး လူကြီးတယောက်အနေနဲ့ ဦးဆောင်ပြီးစွမ်းစွမ်းတမံဆောင်ရွက်နေတဲ့အတွက် အိုမင်းနေပေမယ့်လည်း စွမ်းနိုင်ပါသေးတယ်ဆိုပြီးတော့ ဂုဏ်ပြုစကားပြောတယ်။"

အသက် ၉၃ နှစ်မြောက် မွေးနေ့ရှင် ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေက မွေးနေ့အမှတ်တရ စကားအနေနဲ့ အခုလိုပြောဆိုပါတယ်။

"ပြောချင်တာကတော့ အန်အယ်တို့ အင်္ဂလိပ်လက်ထက်မှာ လွတ်လပ်ရေးတိုက်ခဲ့တော့ လွတ်လွတ်လပ်လပ်နေခဲ့ရတယ်။ အခု ဗမာလက်ထက် ကျတော့မှ အန်ကယ်တို့ ဒုက္ခရောက်ရတာ။ လွတ်လပ်ရေးရတိုင်းလည်း မကောင်းဘူး။ လွတ်လပ်ရေးလည်း သိပ်မလိုချင်ကြဘူး"။

ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေဟာ အင်္ဂလိပ်၊ ဂျပန်တော်လှန်ရေးခေတ်တုန်းက တော်လှန်ရေးခေါင်းဆောင်တဦးဖြစ်ခဲ့ပြီး တို့ဗမာအစည်းအရုံး ဗဟိုကော်မတီဝင် တဦးအဖြစ်လဲ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်စာရိတ္တအတွက်သက်သေမလို

**RFA | ၂ျွန် ၁ ။ ။** ဒေါ်အောင်ဆန်းစုကြည်ဘက်ကထွက်ဆိုပေးမယ့် သက်သေ ၄ ဦးထဲက NLD ဒုဥက္ကဋ္ဌဦးတင်ဦး၊ NLD ဗဟိုကော်မတီဝင်ဦးဝင်းတင် အပါအဝင် သက်သေစုစုပေါင်း ၃ ဦးကို အင်းစိန်ထောင်တွင်း အထူးတရားရုံးက ပယ်ချခဲ့တာဟာ ပြစ်မှုဆိုင်ရာပုဒ်မ ၂၅၇ အရ မညီညွတ်ဘဲ မှားယွင်းနေကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေကြီးဦးကြည်ဝင်းက ဒီကနေ့ဂျွန်လ ၁ ရက်မှာ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အတွက် သက်သေ ၃ ဦးကို ဘာကြောင့်ပယ်ချတယ်ဆိုတဲ့ အင်းစိန်ထောင်တရားရုံးရဲ့ အကြောင်းပြချက်မိတ္တူကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတွေက ဒီကနေ့မှာသွားရောက် ကူးယူခဲ့ကြောင်းသိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အတွက် သက်သေ ၃ ဦးကို ပယ်ချခဲ့တဲ့အကြောင်းပြချက်ထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျင့်စာရိတ္တကောင်းမွန်တာကို တရားရုံးကယုံကြည်တာကြောင့် ဒေါ်အောင်ဆန်းစုကြည်အတွက် သက်သေထွက်ဆိုစရာမလိုတဲ့ သဘောမျိုး အင်းစိန်ထောင်တရားရုံးက မရှင်းမလင်းဖော်ပြထားကြောင်း သိရပါတယ်။ဒီအကြောင်းနဲ့ပတ်သက်ပြီး ရှေ့နေကြီးဦးကြည်ဝင်းက အခုလိုရှင်းပြပါ တယ်။

"အကြောင်းပြချက်ကတော့ ဒါမလိုပါဘူးပေါ့။ Character နဲ့ပတ်သက်လို့ ပြတဲ့သဘောဆိုတာမလိုပါဘူးပေါ့။ ဘာဆိုလိုတယ်ဆိုတာကနော် ရိုးရိုးလေးတွက်လိုက်ရင် သူကသူတော်ကောင်းပါ။ ဟုတ်လား၊ အဲဒီတော့ Character နဲ့ပတ်သက်လို့ သိပ်ပြီးတော့ပြောနေစရာမလိုဘူးပေါ့။ အဲ... သူက သူတော်ကောင်းလို့ဆိုရင် ဒီအမှုကို ဘယ်ကျူးလွန်မလဲ၊ ဟုတ်တယ်မဟုတ်လား။ အဲဒါမျိုးတွေဖြစ်နေတယ်။ ဒီသုံးယောက်ပယ်တာဟာ ဥပဒေအရမှားတယ်။ ဥပဒေအရကိုမှားတယ်။ နှစ်အချက်က တရားမျှတမှုရှုထောင့်ကကြည့်ရင်လည်း မှားတယ်။ အကျင့်ပုဒ်မ ၂၅၆၊ ၂၅၇ ဆိုတာရှိတယ်။ အဓိက ၂၅၇။"

ရှေ့နေကြီးဦးကြည်ဝင်းက ထပ်မံပြောဆိုရာတွင် ဒေါ်အောင်ဆန်းစုကြည်အတွက် ထွက်ဆိုပေးမယ့် သက်သေတွေထဲမှာ NLD ဒုဥက္ကဋ္ဌဦးတင်ဦးရော ဗဟိုအလုပ်အမှုဆောင်ဦးဝင်းတင်တို့ဟာ ဒေါ်အောင်ဆန်းစုကြည်အတွက် တကယ့်ကိုအရေးပါတဲ့ သက်သေတွေဖြစ်ပေမယ့် အခုလိုသက်သေထွက်ဆိုခွင့် ဆုံးရှုံးခဲ့တာဟာ တရားမျှတမှုမရှိဘူးဆိုတာကို ပြသတာဘဲဖြစ်ကြောင်း ပြောဆိုပါတယ်။

# ရွှေးဟောင်း ဓနုတ်ဘုရားပြိုကျ

**DVB | ၂ျွန် ၁ ။ ။** ဒလမြို့နယ် ဓနုတ်စံပြကျေးရွာက ရှေးဟောင်း ဓနုတ်ဘုရားကြီး ပြိုကျမှုအတွင်း လူသေဆုံး၊ ဒဏ်ရာရရှိမှုအခြေနေကို ဘယ်သူ့ကိုမှ မပြောဖို့လုံခြုံရေး တာဝန်ယူထားတဲ့ စစ်တပ်က တားမြစ်ထားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဘုရားအနီးတဝိုက်မှာလည်း ရဲနဲ့စစ်တပ် လုံခြုံရေးတွေ အပြည့်ချထားတယ်လို့ ကိုယ်တိုင်ရောက်ခဲ့သူ ဒေသခံတဦးက ပြောပါတယ်။

"ဘုရားနားမရောက်ခင် အဝင်ဝမှာ ရဲရော စစ်တပ်ရော ချထားတယ်။ ဝင်းထဲမှာလည်း ချထားတယ်။ ဝင်းထဲကို အရပ်သားဝင်လို့မရဘူး။ ဝင်းထဲမှာ ကျမတွေ့ခဲ့တာ စစ်သား လေးငါးခြောက်ဆယ်လောက်ရှိတယ်။ အဲဒီထဲမှာ အသေအပျောက်မရှိဘူးတို့၊ ထိခိုက်ဒဏ်ရာမရဘူးလို့ အဲလိုပဲပြောရမယ်ပြောတယ်။ အဲဒါ အယောက် ငါးဆယ်လောက်ပိနေသေးတယ်။ ဖော်ထုတ်လို့ကို မရသေးဘူး။"

ဓနုတ်ဘုရားကြီး ပြိုကျမှုကြောင့် အနည်းဆုံး လူ ၅ ဦး သေဆုံးသွားပြီး ဒဏ်ရာရသူ အများအပြားရှိတယ်လို့ ဒလမြို့ခံတွေကပြောပါတယ်။ ပိနေသူတွေအထဲမှာ တပ်သားတွေက အများဆုံးဖြစ်ပြီး အမျိုးသမီးတဦးကို အသက်ရှင်လျက် ဖော်ထုတ်နိုင်ခဲ့ပေမယ့် အောက်ပိုင်းတခုလုံး ဒဏ်ရာရကြေမွနေလို့ ခြေထောက် ၂ ဘက်စလုံး ဒူးဆစ်အောက်ပိုင်းကနေ ဖြတ်လိုက်ရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။ ကျန်လူ အများအပြားကို ကယ်ထုတ်နိုင်ခြင်းမရှိသေးလို့ မိသားစုဝင်တွေ ဘုရားအနီးမှာ ထိုင်ငိုနေကြတာ မြင်တွေ့ခဲ့ရတယ်လို့လည်း အဲဒီ ဒလမြို့ခံကပဲ ပြောပါတယ်။

"စစ်သားတွေက သူတို့ကို ဒီနေ့တနာရီထိုးမှာ ရအောင်ဖော်ပေးမယ်ပြောလို့ လှိုင်သာယာကို ပြန်သွားကြရတယ်။ ပြိုနေတဲ့ဟာကို ဘူဒိုဇာကြီးနဲ့ဖယ်နေကြတယ်။ အဲဒီအထဲကို ဘယ်မိသားစုဝင်မှ မဝင်ရဘူး။"

ရှေးဟောင်း ဓနုတ်ဘုရားကြီးကို ပြီးခဲ့တဲ့ မေလဆန်းပိုင်းကမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ဇနီး ဒေါ်ကြိုင်ကြိုင်က ဘုရားစိန်ဖူးတော်တင်ပွဲ ကျင်းပခဲ့တာလို့လည်း သိရပါတယ်။

# နာဂစ်မုန်တိုင်းခံ ဧရာဝတီတိုင်းအတွင်း ကျောင်းများ ပြန်ဖွင့်နိုင်ရေး အခြေအနေ

**DVB၊ ဇွန် ၃၊** ။ မကြာခင်မှာ ၂၀၀၉–၂၀၁၀ ခု စာသင်နှစ်အတွက် အခြေခံပညာကျောင်းတွေ ပြန်ဖွင့်တော့မှာဖြစ်ပါတယ်။ မနှစ်က နာဂစ်မုန်တိုင်းဒဏ် သင့်ခဲ့တဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ အခြေခံပညာကျောင်း အားလုံးနီးပါး ပျက်စီးခဲ့ပြီး ကျောင်းတွေပြန်လည်မဆောက်လုပ်ရသေးတဲ့အတွက် ကျောင်းအများစုဟာ တနှစ်ကျော်တဲ့အထိ ပြန်မဖွင့်နိုင်သေးဘဲ ယာယီကျောင်းသဘောမျိုး ဖွင့်ထားတဲ့ ကျောင်းအချို့သာရှိနေပါတယ်။

နာဂစ်ဒေသမှာ ကျောင်းပေါင်း ၃၀ လောက် ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့တဲ့ သီတဂူသာသနာပြုအဖွဲ့က ဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရက စာသင်ကျောင်းတွေ လိုနေသေးတယ်၊ ဆောက်လုပ်ပြီး စာသင်ကျောင်းတွေက လည်းရေရှည်တည်တံ့ဖို့ လိုတယ်လို့ မိန့်ကြားပါတယ်။

"စာသင်ကျောင်းလေးတွေလည်း ပျက်စီးတာ ပြန်ဆောက်နိုင်ငံတာက ကျောင်းပေါင်း ၃၀ ပဲရှိတယ်။ တခြားအဖွဲ့အစည်းတွေကလည်း တကျောင်း ဆောက်၊ တကျောင်းဆောက်တော့ ရှိတာပေါ့။ နိုင်ငံတော်အစိုးရကလည်းပဲ ပြန်ဆောက်ထားတာရှိတာပေါ့။ သို့သော် ဧရာဝတီကို မကြာမကြာ ငါရောက်တယ်။ ကြည့်လိုက်လို့ရှိရင် မလုပ်ရသေးတာပဲ ပိုများတယ်။ လုပ်ပြီးသွားတာက နည်းနည်းပဲရှိတယ်။ တခြား ယူအန်နိအဖွဲ့အစည်း၊ ယူနက်စကိုနဲ့ နိုင်ငံတော်အစိုးရပညာရေးဌာနတို့က လုပ်နေတာက ယာယီကျောင်းတွေ။ တချို့ကျောင်းတွေဆိုရင် ရွက်ဖျင်တဲကျောင်း၊ တချို့ကျောင်းဆိုရင် ဝါးကျောင်းပေါ့။ အဲဒါလေးတွေက ခုတနှစ်ကုန်သွားရင် နောက်တနှစ် ဆက်ခံပါ့မလားဆိုတာ စိတ်ပူစရာပဲ၊ နောက်တနှစ်ကျရင် ဘာဆက်လုပ်မလဲ။ ရေရှည်စီမံကိန်းအတွက် လိုလိမ့်မယ်။"

နာဂစ်မုန်တိုင်းသင့်ခဲ့တဲ့ လပွတ္တာဒေသမှာ ဒီနှစ် အထက်တန်းကျောင်းအတော်များများ ပြန်ဖွင့်နိုင်ခြေရှိပြီး မူလတန်းကျောင်းတွေကိုတော့ အဆောက်အဦးနဲ့ အမိုးအကာရှိတဲ့နေရာတွေမှာ မနှစ်ကတည်းက ယာယီဖွင့်လှစ်ခဲ့တယ်လို့ ဒေသခံတဦးလည်းဖြစ် အန်အယ်လ်ဒီပါတီရဲ့ လပွတ္တာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်တဦးလည်းဖြစ်တဲ့ ဒေါက်တာအေးကြူက ပြောပါတယ်။

"မြို့ပေါ်တော့ ဖွင့်တယ်။ ပြင်ပလူလည်း ဖွင့်နိုင်တယ်။ သူတို့ အတင်းဖမ့်လုပ်နေတယ်။ အထက်တန်းကျောင်းတွေ၊ မူလတန်းကျောင်းတွေ အားလုံးကတော့ အဆောက်အဦးတွေရှိတဲ့နေရာ၊ သူတို့သင်လို့ရတဲ့နေရာမှာ ဖွင့်နေတာပဲ။ အဆောက်အဦးတွေဆောက်တာတော့ တော်တော်ကြာနေပြီ။ ဒါပေမယ့် ကျန်သေးတယ် အကုန်မပြီးဘူး။ တော်တော်များများဖွင့်နိုင်အောင် သူတို့ ဖွင့်ပေးသွားတယ်။ ဘုန်းကြီးကျောင်းတို့ သင်တော်တဲ့၊ သင်လို့ရတဲ့နေရာတွေမှာ သင်တယ်။ ယာယီကျောင်းလည်းရှိတယ်။ ဆောက်ပြီးတဲ့ ကျောင်းလည်း ရှိတယ်။ အထက တွေကို အမိကထားဖွင့်နိုင်အောင် ကြိုးစားနေတယ်။"

အာဏာပိုင်အဖွဲ့အစည်းအပါအဝင် ပြည်တွင်း၊ ပြည်ပကယ်ဆယ်ရေးအဖွဲ့တွေက စာသင်ကျောင်းတွေ အချိန်မီဖွင့်နိုင်အောင် ကြိုးစားပေမယ့်လည်း ကလေးသူငယ်အများစုဟာ မုန်တိုင်းနဲ့အတူ သေကြေပျက်စီးရတာ တကြောင်း၊ စားဝတ်နေရေးအခက်အခဲက တကြောင်း ဖြစ်နေတာကြောင့် ကျောင်းပြန်မတက်နိုင်တော့တဲ့ အခြေအနေတွေကိုလည်း တွေ့နေရတယ်လို့ ဒေါက်တာ အေးကြူက ပြောပါတယ်။

"ကျောင်းသားတွေကတော့ သေသွားတဲ့လူများတာပေါ့၊ အရင်နှစ်ထက် စာရင် နည်းတာပေါ့။ အကုန်လုံး မအပ်နိုင်သေးဘူးထင်တယ်။ ကျောင်းဖွင့်တော့ ငွေရေးကြေးရေးအခက်အခဲ၊ စားဖို့အခက်အခဲလည်းရှိမှာပေါ့။ နောက်တခုက ကလေးတွေက အလုပ်လုပ်ကုန်လို့၊ ပုဇွန်ရှာ၊ ငါးရှာ၊ ဖားရှာ အဲဒါတွေကလည်း များတယ်။ ငယ်ရွယ်တဲ့ ကလေးငယ်တွေက ပညာသင်၊ စာသင်ကျောင်းသွားကြတာ။ လုပ်နိုင် ကိုင်နိုင်တဲ့လူတွေကတော့ စားဝတ်နေရေးအတွက် အလုပ်လုပ်ရတာပေါ့။"

မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဟိုင်းကြီးကျွန်းစတဲ့ ဒေသတွေမှာလည်း ကျောင်းဖွင့်ချိန်နီးပေမယ့် ကျောင်းတွေအားလုံး မဖွင့်နိုင်သေးပါဘူး။ မနှစ်က မုန်းတိုင်းသင့်ဒေသတွေမှာ အခြေခံပညာကျောင်းအများစုဟာ ပုံမှန်ထက် နောက်ကျပြီးဖွင့်လှစ်နိုင်ခဲ့တာကြောင့် ကလေးတွေရဲ့ပညာသင်ကြားရေးမှာ ထိခိုက်မှုတွေရှိခဲ့တယ်လို့ နာဂစ်ဒေသမှာ အထက်တန်းကျောင်းသား ၂၀ ခန့်ကို အခမဲ့ပညာသင်ကြားပေးခဲ့တဲ့ အလွတ်ပညာသင်ကျောင်းက သင်တန်းဆရာတဦးက ပြောပါတယ်။

"ဒီနာဂစ်ကာလမှာ ကျောင်းတွေရဲ့ စာသင်ကြားမှုက သုံးလနောက်ကျထားတာကိုး။ မေးခွန်းက လွယ်တယ်ဆိုတာ ဆရာတွေက လွယ်တယ်ပြောတယ်လေ။ ကျောင်းပျက်တဲ့ကလေးတွေအနေနဲ့က အခက်အခဲရှိတာပေါ့။ ကျနော်တို့ဆီမှာ တက်တဲ့ကလေးရော၊ မတက်တဲ့ကလေးရော၊ တကယ်ပညာမတတ်တဲ့ကလေးတွေမျိုးတွေရောရှိတော့ ကလေးတွေသင်ကြားရေးမှာက တော်တော်နောက်ကျထားတာကိုး။ နာဂစ်ကာလ ဇွန်၊ ဇူလိုင်၊ ဩဂုတ်က သင်ကြားရေးကာလမဟုတ်သလိုဖြစ်နေတယ်။ အဲဒီကာလက ကျောင်းတွေ ပြင်ဆင်တာတွေ၊ ပြန်လည်တည်ဆောက်တာတွေ အကုန်လုံးလုပ်နေကြရတာ။"

မုန်းတိုင်းဒဏ်ခံခဲ့ရတဲ့ ကလေးသူငယ်၊ ကျောင်းသူ၊ ကျောင်းသားတွေ အပါအဝင် မုန်တိုင်းသင့်ပြည်သူတွေဟာ အခုအချိန်မှာ ရုပ်ဝတ္ထုအကူအညီတွေအပြင် စိတ်ပိုင်းဆိုင်ရာ အားပေးမှုတွေလည်း အထူးလိုအပ်နေတယ်လို့ သီတဂူဆရာတော်က မိန့်ကြားပါတယ်။

"ရုပ်ပိုင်းဆိုင်ရာထောက်ပံ့မှုရော၊ စိတ်ပိုင်းဆိုင်ရာ ထောက်ပံမှုရော အထူးသဖြင့် အဲဒီနှစ်ခု ပျက်စီးရင် ယဉ်ကျေးမှုနဲ့ကိုယ်ကျင့်တရား ပျက်စီးမှုတွေပါ ဖြစ်သွားနိုင်တဲ့အတွက် ဒီအထောက်အပံ့တွေ မြန်မြန်ရောက်မှ အကုန်လုံးလုပ်နိုင်မယ်လို့ နလုံးသွင်းယူဆတယ်။"

# ဒေါ်စုအတွက် ကိုရီးယား အရေးဆို

**DVB၊ ဇွန် ၂** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြုမူနေပုံတွေနဲ့ပတ်သက်လို့ ကမ္ဘာ့အသိုက်အဝန်းရဲ့ ကန့်ကွက်တောင်းဆိုမှုတွေကိုအလေးထားတုံ့ပြန်ပါလို့ နအဖ စစ်အုပ်စုကို တောင်ကိုရီးယားနိုင်ငံက ဖိအားပေးတောင်းဆိုလိုက်ပါတယ်။

တောင်ကိုရီးယားမှာကျင်းပတဲ့ အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်တဲ့ နအဖဝန်ကြီးချုပ်ဆိုသူ ဗိုလ်ချုပ်သိန်းစိန်ကို တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်(ခ်) က ဒီလိုတောင်းဆိုတာလို့ အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

"မြန်မာအစိုးရဟာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီကိုတည်ဆောက်ပြီး နိုင်ငံတကာရဲ့စိုးရိမ်မှုတွေကို ပပျောက်အောင်ဆောင်ရွက်စေလိုကြောင်း" သမ္မတလီက ပြောတယ်လို့ သမ္မတရုံးထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အာဆီယံဥက္ကဋ္ဌထိုင်းဝန်ကြီးချုပ် အဖိဆစ် ဝေ့ချာချီဝကလည်း ဒီအစည်းအဝေးပြင်ပမှာ မြန်မာခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ကြိုးစားသေးပေမယ့် အထမမြောက်ဘူးလို့ဆိုပါတယ်။ နေအိမ်ထဲကို ကျူးကျော်ဝင်ရောက်တဲ့ အမေရိကန်တဦးကို အကြောင်းပြုပြီး ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက ဖမ်းဆီးတရားစွဲထားတာပါ။ စစ်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်ကို လွန်ခဲ့တဲ့ ၁၉ နှစ်အတွင်း ၁၃ နှစ်လောက်က နေအိမ်အကျယ် ချုပ်ချထားခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲတဲ့ကိစ္စအပေါ် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပေမယ့် နအဖစစ်အုပ်စုက ပြည်တွင်းရေးပါဆိုပြီး ပယ်ချငြင်းဆိုထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်ပါလို့ အီးယူဥရောပသမဂ္ဂက ထပ်ပြီး တောင်းဆိုထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဒီလို ဥပဒေကြောင်းအရ အရေးယူထားတာဟာ ဟန်ပြတရားခွင်ပဲလို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း ရှုတ်ချပြောကြားလိုက်ပါတယ်။

# နအဖရဲ့ ထိုးစစ်ကြောင့် ကရင်ရွာသား ၂၀၀၀ ကျော် ထိုင်းသို့ထွက်ပြေးလာ

**KIC ၊ ဂျွန် ၅ ။** ။ နအဖနှင့် DKBA ပူးပေါင်းတပ်ဖွဲ့သည် ဇွန်လဆန်းပိုင်းမှစ၍ ကရင်အမျိုးသားအစည်းအရုံး KNU ရဲ့ တပ်မဟာ(၇)နယ်မြေကို ထိုးစစ်ဆင်တိုက်ခိုက်လာသည့်အတွက် ကရင်ရွာသူရွာသား ၂,၀၀၀ ကျော်မှာ ထိုင်းဘက်ကမ်းသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ရပါတယ်။

မိသားစုအလိုက် ထွက်ပြေးလာသော အဆိုပါရွာသားများသည် ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်ရှိ ဝါးမီကလားကျေးနယ်၊ မဲလာအားခီး၊ မဲလာအားထာ၊ ထီးကဟော၊ ဆေဖိုးခီးနှင့် လိုင်းဘွဲ့မြို့နယ် ခလယ်ဒေးကျေးနယ်ရှိ လယ်တူဝေါ်၊ ခလယ်ခို့များမှဖြစ်ကြပြီး ထိုင်းဘက်ကမ်းရှိ တိုးထာ့၊ အူးသူးထာ့၊ နိဘိုးအင်တော၊ လယ့်ဘော်ဟဲ၊ ခလယ့်ခို့နှင့် မဲ့တရီနေရာများသို့ ရောက်ရှိခိုလှုံလျက်ရှိသည်ဟု KNU ၏ ပိုင်ကျုံမြို့နယ် ဥက္ကဋ္ဌ စောဘဘာတီဖိုးက ပြောသည်။ ထွက်ပြေးလာသူ မဲလာအားခီးရွာသူကြီး စောတင်လှက ကရင်သတင်းစဥ်ကို အခုလို ပြောသည်။

"လွန်ခဲ့တဲ့ သုံးရက်ကတည်းက ဗမာစစ်တပ်နဲ့ DKBA က တက်လာတော့မယ်ဆိုတာ ကြားတာနဲ့ ညနေပိုင်းမှာ ကျနော်တို့တရွာလုံး ဘာမှတောင်မယူအားတော့ဘဲ အဝတ်တထည် ကိုယ်တခုနဲ့ ထွက်လာခဲ့တာပဲ။ သူတို့က တိုက်ပွဲဖြစ်ရင် ကျနော်တို့ကို ပေါ်တာခေါ်တယ်။ နှိပ်စက်တယ်။ သတ်တဲ့အထိတောင်လုပ်ခဲ့ဘူးတော့ ကျနော်တို့ ရင်မဆိုင်ရဲတော့လို့ အခုလိုထွက်ပြေးလာရတယ်"။

ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ ထာ့ဆောင်ယန်းမြို့နယ်အတွင်းသို့ ထွက်ပြေးလာသည့် ကရင်ရွာသူရွာသားများထဲမှာ လသားအရွယ်ကလေးငယ်များ သားသည်မိခင်များပါဝင်ပြီး သူတို့ ထွက်ပြေးတိမ်းရှောင်လာချိန်သည် မိုးသည်းထန်စွာ ရွာသွန်းနေတာကြောင့် သူတို့အတွက် စားရေးသောက်ရေး၊ အဝတ်အစားနှင့် နေရေးထိုင်ရေး အခက်အခဲများ ရင်ဆိုင်နေရကြောင်း သိရပါတယ်။ တိုက်ပွဲဖြစ်ပွားသည့်နယ်မြေရှိ နယ်စပ်ကျောင်းမှ ကျောင်းဆရာ ၈ ဦးနှင့် ကျောင်းသူ ကျောင်းသား ၁၀၀ ကျော်မှာလည်း ထိုင်းဘက်ကမ်းသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး လက်ရှိအချိန်တွင် ပညာသင်ကြားရေးအပြင် နေရေးထိုင်ရေးနှင့် ကျန်းမာရေး အခက်အခဲများရှိသည်ဟုလည်း ဆရာတဦးဖြစ်သူ စောအဲကလူက အခုလိုပြောသည်။

"ကျောင်းစဖွင့်တဲ့နေ့မှာပဲ တိုက်ပွဲဖြစ်လို့ ကျနော်တို့လည်း ကလေးတွေနဲ့အတူ ထိုင်းဘက်ကမ်းကို ထွက်ပြေးလာရတယ်။ ကျောင်းသူကျောင်းသားတွေက အသက် ၄ နှစ်ကျော်က ၁၈ နှစ်အထိရှိတယ်။ မိန်းကလေး ၆၈ ဦးနဲ့ ယောက်ျားလေး ၆၁ ဦးဖြစ်ပြီး စုစုပေါင်း ၁၂၉ ဦးဖြစ်တယ်။ သူငယ်တန်းကနေ ခြောက်တန်းအထိရှိတယ်။ အခု ယာယီနေရတဲ့ နေရာကလည်း တောတောင်ထဲမှာဆိုတော့ ကလေးတွေက မပျော်ဘူး။ အဖျားတက်တာ၊ အော့အန်တာ၊ ဝမ်းလျှောတာတွေဖြစ်နေတယ်"။

နအဖနှင့် DKBA ပူးပေါင်းတပ်ဖွဲ့သည် KNU တပ်မဟာ ၇ နယ်မြေကို ဝင်ရောက်တိုက်ခိုက်ရာ ကေအဲန်အယ်လ်တပ်များနှင့် ဇွန်လ ၂ ရက်နေ့ မှစ၍ ယနေ့အထိ တိုက်ပွဲပေါင်း ၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ထွက်ပြေးရောက်ရှိလာတဲ့ ရွာသူရွာသားများကို ထိုင်းကျန်းမာရေးဌာနက လိုအပ်သည့်ဆေးဝါးကုသမှုများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးလျက်ရှိတဲ့အပြင် ထိုင်းနယ်ခြားစောင့်တပ်များကလည်း ဇွန်လဆန်းပိုင်းမှစ၍ ထိုင်း–မြန်မာနယ်စပ်တလျှောက်တွင် တပ်အင်အားများ ထပ်မံတိုးချဲ့ကာ စောင့်ကြည့်လျက်ရှိပါတယ်။

အလားတူ ထိုင်း–မြန်မာနယ်စပ် ဖားအံခရိုင်အတွင်းရှိ လယ့်ဘော်ဟဲပြည်တွင်းဒုက္ခသည်စခန်းမှ ဒုက္ခသည်စုစုပေါင်း ၁၂၆၄ ဦးကလည်း တိုက်ပွဲများကြောင့် လုံခြုံမှုမရှိသည့်အတွက် ဇွန်လ ၅ ရက်နေ့တွင် ထိုင်းဘက်ကမ်းသို့ တိမ်းရှောင်လာခဲ့ကြပြီး ၄င်းတို့အနက် ပြီးခဲ့သည့် မေလလယ်ပိုင်းအတွင်းက DKBA တပ်များ၏ စစ်သားကောက်ခံမှုကြောင့် နေရပ်ရွာမှထွက်ပြေးလာသည့် ပိုင်ကျုံမြို့နယ်၊ ထီးပယ်ကျေးနယ်မှ ရွာသားများလည်းပါဝင်တယ်လို့ လယ့်ဘော်ဟဲစခန်း ဥက္ကဋ္ဌ စောတာစုညားက ပြောပါတယ်။

မြဝတီမြို့နယ်၊ သင်္ကန်းညီနောင်အခြေစိုက် နအဖတပ်မ ၂၂ ၏ လက်အောက်ခံတပ်ရင်းများနှင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် DKBA တပ်မဟာ ၉၉၉ လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များသည် ကေအဲန်ယူ ဖားအံခရိုင်၊ တပ်မဟာ ၇ နယ်မြေကို အပြတ်တိုက်မည့် ရည်ရွယ်ချက်ဖြင့် ထိုသို့ထိုးစစ်ဆင်လျက်ရှိရာ KNLA ဘက်မှလည်း အသင့်အနေအထားတွင်ရှိနေပြီး တိုက်ပွဲမှာ ဆက်လက်ဖြစ်ပွားသွားမည်ဖြစ် ကြောင်း KNU တပ်မဟာ ၇ မှ ပေးပို့တဲ့ သတင်းများအရ သိရပါတယ်။ ဖားအံခရိုင်အတွင်းမှာ နအဖတပ်မ ၂၂ လက်အောက်ခံ ခမရ ၃၃၈၊ ၃၃၉၊ ၂၀၃၊ ခလရ ၈၁ နှင့် DKBA တပ်မဟာ ၉၉၉၊ ၅၅၅၊ ၃၃၃ တပ်ဖွဲ့ဝင်များ အခြေစိုက် လှုပ်ရှားလျက်ရှိကြောင်း သိရှိရပါတယ်။

# ရခိုင်ပြည်နယ်မှာဗုံးဖောက်ခွဲမှုတပ်လှန့်ထား

**Mzzima ၊ ဂျွန် ၂ ။** ။ ရခိုင်ပြည်နယ်ရှိ အစိုးရရုံးများကို ပြည်ပအခြေစိုက် စစ် အစိုးရဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များက ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခံရဘွယ်ရှိကြောင်း အာဏာပိုင်များကတပ်လှန့်ထားပါတယ်။

မောင်းတောနှင့်ဘူးသီးတောင်မြို့နယ်အခြေစိုက် နယ်စပ်ဒေသစစ်ဆေးရေးနှင့်ကွပ်ကဲရေးဌာန – နစက က ခရိုင်–မြို့နယ်ကောင်စီ၊ လူဝင်မှုကြီးကြပ်ရေးရေးဌာန – လဝက၊ မြေစာရင်းဌာန၊ ကြေးနန်းရုံးနှင့်ဘဏ်များတွင် တိုက်ခိုက်မှုများပြုလုပ်မည်ဆိုသော လုံခြုံရေးသတင်းများရသည်ဆိုကာ အစိုးရဝန်ထမ်းများ ကင်းစောင့်နေရပါတယ်။

"ကင်းစောင့်ခိုင်းတာက နစက ဌာနချုပ်ကအမိန့်နဲ့စောင့်ခိုင်းတာပါ။ သူတို့က မောင်းတောနဲ့ဘူးသီးတောင်မှာရှိတဲ့ အစိုးရအဆောက်အဦတွေကို ဖောက်ခွဲရေးသမားတွေက ပြစ်မှတ်ထားတိုက်ခိုက်လာနိုင်တယ်လို့ သတင်းရထားတဲ့အတွက်ကြောင့်ဖြစ်တယ်။" လို့ မောင်းတောမြို့နယ် မယက ရုံးစာရေးက ပြောပါတယ်။

ရုံးများတွင် ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ ၄ ယောက်တတွဲစောင့်နေရပြီး လဝကဦးစီးမှူး၊ မြို့နယ်ရဲစခန်းမှူးနှင့် ဒေသအခြေစိုက်စစ်တပ်များက လှည့်လည်ကင်းစစ်လှေ့ရှိပါတယ်။ ထို့အပြင် စစ်တပ်နှင့်ရဲများကလည်း လမ်းများပေါ်တွင် ကင်းလှည့်မှုများ များပြားလာပါတယ်။ ဘင်္ဂလား–မြန်မာတလျှောက်တွင် ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် လက်နက်ကိုင်တော်လှန်နေကြသည့် ချင်းအမျိုးသားတပ်ဦး CNF ၊ လွတ်မြောက်ရေးပါတီ ALP နှင့် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့ RSO နှင့် ARNO ပါတီတို့ လှုပ်ရှားလျက်ပါတယ်။

"ALP က ဗုံးထောင်တယ်ဆိုတာတော့ တခါမှမလုပ်သေးဘူး။ အထူးသဖြင့် အရပ်သားတွေကိုပြစ်မှတ်ထားပြီး ထောင်တယ်၊ ခွဲတယ်ဆိုတာမရှိသေးဘူး။ တကယ်တမ်းလုပ်မယ်ဆိုရင်လည်း စစ်တပ်နဲ့ပတ်သက်တဲ့ အဆောက်အဦနေရာတွေ၊ စစ်တန်းလျားတွေ၊ ကာကွယ်ရေးနဲ့ပတ်သက်တဲ့နေရာတွေကိုဘဲလုပ်မှာပါ။ အရပ်သားတွေကို ပတ်သက်မှုမရှိအောင်၊ ကင်းကွာအောင်၊ ထိခိုက်မှုမရှိအောင် ကျနော်တို့အတတ်နိုင်ဆုံးရှောင်ရှားတယ်။" ALP အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးခိုင်မျိုးမင်းကပြောပါတယ်။

## ပြက္ခဒိန်မှ

**ဂျွန် ၅ ၊ CNB Telbec, MONTREAL ။ ။** ဇာဂနာသည် ထောင်တနှစ်ပြည့်ပြီး နောက် ၃၄ နှစ်ကျန်သေးဟု နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ RSF မှဆို၏။

**ဂျွန် ၅ ၊ Mizzima ။ ။** နအဖနှင့်ဒီကေဘီအေပေါင်း၍ ကေအင်ယူ၏လက်နက်ကိုင်အဖွဲ့ဖြစ်သော KNLA အား ဖားအံဖက်တွင် တိုက်ပွဲဆင်နေဟု KNLA မှဆို၏။

**ဂျွန် ၅ ၊ Mizzima ။ ။** ဗြိတိန်နှင့်အမေရိကန်တို့အား အဲန်အဲလ်ဒီနှင့် ယခင်လ တလ တည်းတွင် ၂၅ ကြိမ်ခန့်တွေ့ ဆုံရိုင်းပင်းခဲ့ကြောင်း နအဖမြန်မာ့အလင်းမှ စွပ်စွဲ၏။

**ဂျွန် ၅ ၊ Irrawaddy ။ ။** အိန္ဒိယသည် နအဖနှင့်အလွမ်းသင့်နိုင်ငံရေးမူကို ပြောင်းလဲသင့်ကြောင်း Nehginpao Kipgen ၏သတင်းဆောင်းပါးမှ ဝေဖန်၏။

# မြန်မာတွင် အလုပ်သမားအခွင့်အရေးတိုးတက်မှုမရှိဟု ILO ညွှန်ချုပ်ပြောဆို

**RFA၊ ဂျွန် ၄။** ။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီးရဲ့ လာမယ့် စနေနေ့မှာပြုလုပ်မယ့် ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံက အဓမ္မလုပ်အားပေးစေခိုင်းနေတဲ့အခြေအနေနဲ့ ပတ်သက်ပြီး အဓိကအချက်နှစ်ချက်ကို မဖြစ်မနေဆွေးနွေးမယ့်အကြောင်း ILO ရဲ့ညွှန်ကြားရေးမှူးချုပ် Kari Tapiola က RFA ကိုပြောပါတယ်။

ပထမအချက်က မြန်မာနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေတဲ့ အဓမ္မလုပ်အားပေးစေခိုင်းနေတဲ့ကိစ္စတွေနဲ့ ဒီအပေါ်မှာ ILO ဌာနေကိုယ်စားလှယ်ရဲ့ လုပ်ငန်းတင်ပြချက်တွေ၊ နောက်ပြီး အဓမ္မလုပ်အားပေး စေခိုင်းခံရသူတွေက ILO ကို တင်ပြတိုင်တန်းနိုင်တဲ့ အခြေအနေတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ လွတ်လပ်စွာစည်းရုံးဖွဲ့စည်းခွင့်နဲ့ပတ်သက်ပြီး ဆွေးနွေးမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်စွာစည်းရုံးဖွဲ့စည်းခွင့်ပြုဘို့ သဘောတူလက်မှတ်ရေးထိုးထားတဲ့ နိုင်ငံဖြစ်ပေမယ့် အလုပ်သမားသမဂ္ဂအပါအဝင် သင်းပင်းဖွဲ့စည်းခွင့်နဲ့ ပတ်သက်ပြီး ပြဿနာအတော်လေးရှိတဲ့ နိုင်ငံဖြစ်တယ်လို့ Mr.Tapiola ကပြောပါတယ်။ ဒီသီတင်းပတ်မှာကျင်းပမယ့် ILO ဆွေးနွေးပွဲကို မြန်မာစစ်အစိုးရက မြန်မာနိုင်ငံကအလုပ်သမားကိုယ်စားလှယ်တဦး စေလွှတ်ထားပါတယ်။ သူ့ကို ILO အနေနဲ့ မြန်မာနိုင်ငံကအလုပ်သမားထုကို ကိုယ်စားပြုတဲ့ အလုပ်သမားကိုယ်စားလှယ်အဖြစ်နဲ့ အသိအမှတ်ပြု လက်ခံဆွေးနွေးဘို့ အလားအလာ ရှိ မရှိ မေးမြန်းရာမှာတော့ ILO ရဲ့ ညွှန်ကြားရေးမှူးချုပ် Kari Tapiola က မြန်မာနိုင်ငံကနေ ၃ ဦးပါတဲ့အဖွဲ့တဖွဲ့ရောက်နေပြီး မြန်မာအစိုးရရဲ့အဖွဲ့ထဲမှာ အလုပ်သမားကိုယ်စားလှယ်ဆိုပြီး ပါလာတဲ့အကြောင်း၊ သူဟာ မြန်မာနိုင်ငံကအလုပ်သမားထုကို အမှန်တကယ်ကိုယ်စားပြု မပြု ဆိုတာနဲ့ပတ်သက်ပြီး ILO စိစစ်ရေးအဖွဲ့က စုံစမ်းစစ်ဆေးသွားမှာဖြစ်တယ်လို့ ပြောပါတယ်။

မြန်မာနိုင်ငံမှာ ILO ဌာနေကိုယ်စားလှယ်ထားရှိခဲ့တဲ့ အချိန်ကစပြီး မြန်မာနိုင်ငံက အလုပ်သမားတွေရဲ့အခြေအနေ တိုးတက်မှုရှိပါသလားလို့ မေးမြန်းရာမှာတော့

လွတ်လပ်စွာဖွဲ့စည်းခွင့်နဲ့ပတ်သက်ပြီး ရှုပ်ထွေးမှုတွေရှိပေမယ့် မြန်မာနိုင်ငံမှာ ထင်သာမြင်သာတဲ့ တိုးတက်မှုတစုံတရာကို သူ့အနေနဲ့မမြင်မိကြောင်း၊ အခုအချိန်အထိ အလုပ်သမားသမဂ္ဂဆိုတာလည်း မရှိသေးတဲ့အကြောင်း ပြောဆိုသွားပါတယ်။ မြန်မာနိုင်ငံမှာ အဓမ္မအလုပ်ခိုင်းစေတဲ့ လုပ်ရပ်တွေဟာ ပုံစံအမျိုးမျိုးနဲ့ အကြောင်းအမျိုးမျိုးနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေဆဲဘဲဆိုတာကို ILO အနေနဲ့ သတိပြုမိကြောင်း ပြောပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံမှာ အဓမ္မအလုပ်ခိုင်းစေတဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ပြီး တိုးတက်မှုတစုံတရာ ရှိ မရှိ ဆိုတာကိုတော့ မပြောနိုင်သေးကြောင်း ILO ရဲ့ ညွှန်ကြားရေးမှူးချုပ် Kari Tapiola က RFA ကို ပြောသွားပါတယ်။

---

## ဒေါ်အောင်ဆန်းစုကြည်ရှေ့နေတွေ တင်သွင်းချက် တိုင်းတရားရုံးက ဒီကနေ့လက်ခံ

**RFA၊ ဂျွန် ၃။** ။ ဒေါ်အောင်ဆန်းစုကြည်ဘက်က တင်သွင်းတဲ့သက်သေတွေကို တရားရုံးကပယ်ချခဲ့တာနဲ့ပတ်သက်ပြီး ပြန်လည်သုံးသပ်လက်ခံဘို့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့အကျိုးဆောင်ရှေ့နေတွေ တင်သွင်းတဲ့လျှောက်လဲချက်ကို ရန်ကုန်တိုင်းတရားရုံးက ဒီကနေ့လက်ခံလိုက်ပါတယ်။

ဒါကြောင့် နှစ်ဘက်ရှေ့နေတွေရဲ့ ထွက်ဆိုချက်တွေကို လာမယ့်ဂျွန်လ ၅ ရက် သောကြာနေ့မှာ ရန်ကုန်တိုင်းတရားရုံးက ကြားနာစစ်ဆေးမှာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အကျိုးဆောင်ရှေ့နေတဦးဖြစ်သူ ဦးဉာဏ်ဝင်းက အခုလိုပြောပြပါတယ်။

“တရားရုံးကချက်ချင်းအမိန့်ချတယ်၊ ကျနော်တို့တင်ထားတဲ့အမှုကိုလက်ခံတယ်တဲ့။ အဓိပ္ပါယ်က ဒါ ပထမအဆင့်၊ ဒီနေ့ကျနော်တို့ပေးတာ တဘက်တည်းပေးတာ။ ဒုတိယအဆင့်ကျရင် နှစ်ဘက်၊ အစိုးရဘက်ရော ကျနော်တို့ဘက်ရော နှစ်ဘက်ကို ၅ ရက်နေ့သုံးနာရီမှာ လျှောက်လဲချက်ပေးရမယ်။”

ဒေါ်အောင်ဆန်းစုကြည်ဘက်က အဆိုပြုထားတဲ့ သက်သေ ၄ ဦးထဲက ၃ ဦးကို ပယ်ချခဲ့တာဟာ ဥပဒေလုပ်ထုံးအရ မှားယွင်းနေတယ်ဆိုတဲ့ အကျိုးဆောင်ရှေ့နေတွေရဲ့ လျှောက်လဲချက်ကို ရန်ကုန်တိုင်းတရားရုံးက လက်ခံလိုက်တဲ့အတွက် အင်းစိန်ထောင်တွင်းတရားရုံးက လာမယ့်သောကြာနေ့မှာ စီစဉ်ထားတဲ့မှုလရုံးချိန်းကို ထပ်ပြီးရွှေ့ဆိုင်းလိုက်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

ဒါပေမယ့် ဘယ်နေ့ရွှေ့ဆိုင်းတယ်ဆိုတာကိုတော့ မသိရသေးပါဘူး။ ရန်ကုန်တိုင်းတရားရုံးက နှစ်ဘက်ရှေ့နေတွေရဲ့ လျှောက်လဲချက်တွေကို ကြားနာစစ်ဆေးမယ့် သောကြာနေ့မှာလည်း တရားသူကြီးအနေနဲ့ စီရင်ချက်ကိုတခါတည်းချမှတ်နိုင်သလို ရုံးချိန်းလည်း ထပ်ပြီးပေးနိုင်တယ်လို့ ဦးဉာဏ်ဝင်းကပြောသွားပါတယ်။

---

## အမေရိကန်သံရုံးရှေ့ဆန္ဒပြသူ အာဏာပိုင်တွေဖမ်းဆီး

**RFA၊ ဂျွန် ၄။** ။ မေလ ၄ ရက် ဒီကနေ့မနက် ၁၀ နာရီလောက်က အမေရိကန်သံရုံးရှေ့မှာ အမျိုးသမီး ၂ ဦးနဲ့ ကလေး ၄ ဦး စာရွက်တွေကိုင်ဆောင်ဆန္ဒပြခဲ့ကြပြီး အာဏာပိုင်တွေကဖမ်းသွားတယ်လို့ မျက်မြင်သက်သေတွေက ပြောပါတယ်။

သူတို့ဟာ အမေရိကန်သံရုံးကအရာရှိတွေနဲ့လည်း တွေ့ဆုံခဲ့တယ်လို့ အမေရိကန်သံရုံးကပြောဆိုပါတယ်။ “မနက် ၁၀ နာရီလောက်က အမျိုးသမီး ၂ ယောက်၊ အမျိုးသမီးနှစ်ယောက်က အနောက်မှာကလေး ၄ ယောက်နဲ့ အမျိုးသမီးနှစ်ယောက်က ဘုတ်ကိုင်ထားတယ်၊ အဲဒါကို တက္ကစီကားနဲ့ဖြတ်သွားရင်းနဲ့ တွေ့တာဗျ။ ဖြတ်သွားရင်းနဲ့တွေ့လိုက်တာဆိုတော့ သူတို့ကို ဖမ်း မဖမ်း ဘာညာကိစ္စတွေကိုတော့ ကျနော်တို့မသိလိုက်ဘူးဗျ။ ကျနော်တို့က ကားနဲ့အဖြတ်တွေ့တာဆိုတော့ သူတို့ အဲဒီအတိုင်းဘဲ အဲဒီရှေ့မှာ သံရုံးရှေ့မှာရပ်နေတာကိုဘဲ ကျနော်တို့ကတွေ့ရတာခင်ဗျ။ ဒါပြီးတော့ တက္ကစီကဆက်မောင်းသွားတဲ့အခါကျတော့ ဆက်ပြီးဘာထပ်ဖြစ်တယ်ဆိုတာတော့ ထပ်မကြားရဘူးပေ့ါခင်ဗျ။”

RFA က အမေရိကန်သံရုံကိုမေးမြန်းတဲ့အခါမှာ သံရုံးလက်ထောက်ပြန်ကြားရေးတာဝန်ခံက သံရုံးရှေ့မှာ လူအုပ်စုငယ်တစု စုရုံးတယ်ဆိုတာဟုတ်မှန်ကြောင်း၊ ၁၅ မိနစ်ခန့်ရပ်နေတာတွေ့ရပြီး သူတို့ကိုတွေ့ဆုံစကားပြောခွင့် ရခဲ့ကြောင်း၊ နိုင်ငံရေးကိစ္စမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးကိစ္စသာဖြစ်တယ်လို့ RFA ကို ပြောဆိုပါတယ်။ သူတို့သံရုံးထဲကထွက်ခွာသွားချိန်မှာ အဖမ်းခံရတာတော့ မိမိတွေ့မြင်လိုက်ခြင်းမရှိဘူးလို့ဆိုပါတယ်။ တခြား မျက်မြင်သက်သေတွေကတော့ လုံခြုံရေးအဖွဲ့တွေဟာ သူတို့ကိုစောင့်ကြည့်နေပြီး သံရုံးနဲ့ဝေးတဲ့နေရာအရောက်မှာ ဖမ်းတာဖြစ်တယ်လို့ဆိုပါတယ်။

“သူတို့ဆန္ဒပြတဲ့အချိန်ကတော့ ကလေးတွေပါနေတဲ့အတွက် သူတို့ဘာမှမလုပ်ဘူး။ သူတို့ ဟိုဘက်ကိုနည်းနည်းလေး အဲဒီ အမေရိကန်သံရုံးရှေ့ကို နည်းနည်းလေးလွန်သွားပြီးတော့မှ သူတို့အားလုံးကို ကားပေါ်ကိုတင်ခေါ်သွားတယ်လို့ကြားတယ်။”

နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးစာတမ်းကို ကိုင်ဆောင်ထားသူ အမျိုးသမီးတဦးဟာ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်တရားရုံးမှာ ရုံးတင်တဲ့နေ့က အဖမ်းခံရတဲ့ ရွှေပြည်သာမြို့နယ် လူငယ်အဖွဲ့ဝင် ကိုထွေးသိန်းရဲ့ဇနီးနဲ့ကလေး ၄ ယောက်ဖြစ်တယ်လို့ သိရှိသူတချို့ကပြောပါတယ်။ နောက်အမျိုးသမီးတဦးကတော့ မေလ ၂၈ ရက်နေ့က အင်းစိန်ထောင်ရှေ့မှာ တကိုယ်တော်ဆန္ဒပြလို့ အဖမ်းခံရတဲ့ဦးဇော်ညွန့်ရဲ့ဇနီးဖြစ်နိုင်တယ်လို့ ပြောဆိုပေမယ့် အတည်ပြုနိုင်ခြင်းမရှိပါဘူး။

# အဖွဲ့ချုပ်ဝင်တချို့ ခေါ်ယူသတိပေးခံရ

**VOA၊ ဂျွန် ၆။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဗဟိုအလုပ်အမှုဆောင်လူကြီးတချို့နဲ့ လူငယ်အဖွဲ့ဝင်တချို့ကို နအဖအာဏာပိုင်များက ခေါ်ယူသတိပေးခဲ့တယ်လို့ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပါတီတွင်း စာရေးသားပေးပို့ခဲ့တဲအတွက် အခုလို သတိပေးခံရတယ်လို့ NLD ဘက်ကပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုနေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တွေက ဌာနတွင်း စာတစောင်ထုတ်ပြန်ခဲ့တာမို့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် သုံးဦးနဲ့လူငယ်ခေါင်းဆောင်သုံးဦးကို ဒီကနေ့ အာဏာပိုင်တွေက ခေါ်ယူသတိပေးခဲ့တာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဖွဲ့ချုပ် ပြောခွင့်ရဦးဉာဏ်ဝင်းကအခုလိုပြောပြပါတယ်။

“လူငယ်တွေက ဌာနတွင်း စာလေးတခုရိုက်ပြီးတော့ ဝေတယ်၊ ဒါကလည်း စီအီးစီဆုံးဖြတ်ချက်နဲ့၊ ကျနော် မနက်က သိရတာကတော့ မနေ့က ဒီစာရေးတဲ့ လူငယ်တွေကို မဝတာက ခေါ်ပြီးတော့ သတိပေးတယ်ပေ့ါ၊ ဘာကို သတိပေးလဲဆိုတော့ အခု ကျနော်တို့ ဒေါ်အောင်ဆန်းစုကြည်အမှုမှာ ကျနော်တို့က ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ မူတည်ပြီး သူတို့က အရေးယူတဲ့အပိုင်းလည်းပါတယ်။ အဲဒီတော့ ကျနော်တို့က ၁၉၇၄ ဥပဒေမရှိဘူးလို့ ကျနော်တို့ ဒီဟာနဲ့ပတ်သက်ပြီး ခုခံရေးလမ်းကြောင်းမှာပါတယ်။ နောက်တချက်က အမှုကို အများပြည်သူရှေ့မှာ ကြားနာပေးဖို့ ကျနော်တို့တရားဝင် လျှောက်တယ်၊ ရုံးကလက်မခံဘူး၊ ဒီဥစ္စာလည်း တရားဥပဒေစိုးမိုးရေးအတွက် မကောင်းဘူး၊ တရားစီရင်မှုနဲ့မကိုက်ဘူး၊ ကျနော်တို့လည်း ဒီလမ်းသွားတယ်၊ အဲဒီအချက်ကလေးတွေ ပါတဲ့အတွက် အရေးယူနိုင်တယ်ဆိုပြီးတော့ သတိပေးတယ်လို့ ကျနော်ကြားတယ်”။

ဒ့ါအပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေကို ဆင့်ခေါ်တာနဲ့ပတ်သက်ပြီး အတွင်းရေးမှူးဦးဝင်းတင်ကလည်း...

“NLD ကလည်း ထုတ်ပြီးသား ကြေညာချက်ပါတော့ လူကြီးတွေကိုလည်းခေါ်တယ်လို့ကြားတယ်၊ ကျနော်ကြားတာကတော့ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေတို့ သုံးယောက်ခေါ်တယ်လို့ကြားတယ်။”

---

**စာမျက်နှာ ၂ မှ**

သွင်းထားဘို့ ဆော်ဩထားတယ်။ မိမိရဲ့ GSM ဖုန်းထဲမှာ၊ ပိုက်ဆံအိတ်ထဲတွေမှာလည်း ထည့်ထားစေချင်ပါတယ်။” ဟု ဆက်လက်ပြောပြပါတယ်။

မိတ္ထီလာခရိုင် NLD အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ငြိမ်းချမ်းစွာဖြင့် လူထုပါဝင်ဆင်နွှဲနိုင်သော လှုပ်ရှားမှုအဖြစ် Photo Campaign ကိုရွေးချယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ယင်းလှုပ်ရှားမှုကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားမှာဖြစ်ကြောင်း မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ မြင်းခြံ၊ ညောင်ဦး၊ ညောင်ရွှေမြို့များကို ဖြန့်ဝေပြီးဖြစ်ကြောင်း နောက်ပိုင်း မိုးကုတ်၊ မန္တလေးကိုပါ ဆက်လက်ဖြန့်ဝေသွားရန် စီစဉ်နေပြီး မကြာမီရက်ပိုင်းအတွင်း ပဲခူး၊ မကွေးတိုင်းများလည်း ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ သာစည်မြို့နယ်တွင်မူ ရဲများကလိုက်လံသိမ်းဆည်းနေတယ်လို့ ကြားသိရကြောင်း ဒေါ်အေးအေးမြင့်ကပြောပါတယ်။

၄င်းဓာတ်ပုံဖြန့်ဝေတဲ့လှုပ်ရှားမှုနဲ့ပတ်သက်ပြီး သံဃာ့တပ်ပေါင်းစုမှ ဦးဆောင်ဆရာတော်တပါးဖြစ်သူ ဦးအာစ္စရိယက ထောက်ခံခဲ့ပြီး သံဃာတော်များကလည်း ဒေါ်အောင်ဆန်းစုကြည်အတွက် တတ်အားသရွေ့ ဘုရားတွင်ဆုတောင်းမေတ္တာပို့သွားမည်ဖြစ်ကြောင်း ပြောပါတယ်။ Generation Wave အဖွဲ့အနေနဲ့လည်း မတ်လ က ရန်ကုန်၊ ပြည်ရှိ လူစည်ကားရာနေရာများတွင် စာရွက်စာတမ်းများဖြန့်ဝေခြင်း၊ မှုတ်ဆေးများဖြင့် လှုံ့ဆော်ရေးသားခြင်းများ ပြုလုပ်ခဲ့ကြောင်း ရှေ့ဆက်၍လည်း ပြည်သူလူထုနှင့်ပူးပေါင်းကာ လုပ်ဆောင်သွားမှာဖြစ်ကြောင်း အဖွဲ့ဝင်တဦးက ပြောပြသွားပါတယ်။

**မျက်နှာဖုံးမှ**

အလားအလာတွေ ရှိလာလိမ့်မယ်လို့လည်း မျှော်လင့်ထားကြတာပါ။ ကျန်နေသေးတဲ့သက်သေတွေအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် စွပ်စွဲထားတာတွေကိုချေဖျက်နိုင်မယ့်အချက်အလက်တွေကို အလေးထားထွက်ဆိုဘို့ ရည်ရွယ်ထားတာလို့လည်း ဦးဉာဏ်ဝင်းကပြောပါတယ်။

“အဓိကပြောချင်တာက ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားတဲ့ဥပဒေမှာ အရေးကြီးတဲ့အချက်တွေရှိတယ်။ အဲဒီအရေးကြီးတဲ့အချက်တွေဟာ ဒေါ်အောင်ဆန်းစုကြည်လိုပုဂ္ဂိုလ်မျိုးအနေနဲ့ ဖြစ်နိုင် မဖြစ်နိုင် ဆိုတဲ့ပြဿနာတွေကို ကျနော်တို့တင်မှာပါ။

ကျနော်ပြောမှာက စာရိတ္တဆိုတာပါဘဲ။ စာရိတ္တဆိုတာက ဒေါ်အောင်ဆန်းစုကြည် ခိုးဆိုးလုယက် ဒါမဟုတ်ဘူးဗျ။ ကျနော်တို့ အဲဒီထိန်းသိမ်းတဲ့ဥပဒေမှာပါတဲ့ အေးချမ်းသာယာရေးကို ချိုးဖောက်နေတဲ့လူလား၊ နိုင်ငံတော်အေးချမ်းသာယာရေး အများပြည်သူအေးချမ်းသာယာရေးကို နှောင့်ယှက်နေတဲ့သူလား သူ့ရဲ့နိုင်ငံရေးယုံကြည်ချက်၊ နိုင်ငံရေးခံယူချက်နဲ့ အဲဒီဟာနဲ့ဘယ်လောက်ငြိလည်း၊ မငြိဘူးလား၊ ဒါကို ကျနော်တို့နည်းနည်းမီးမောင်းထိုးပြချင်တာပါ။”

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင်ဦးဉာဏ်ဝင်းဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံချေပမယ့် သက်သေတွေအားလုံး တရားခွင်မှာ တင်ပြထွက်ဆိုခွင့်ရဘို့ နှစ်ဘက်ရှေ့နေတွေ လျှောက်လဲကြတဲ့ ရန်ကုန်တိုင်းတရားရုံးက ညနေပိုင်းတရားခွင်မှာတော့ အင်းစိန်ထောင်တွင်းမှာလို တံခါးပိတ်ကြားနာတာမျိုးမဟုတ်တာမို့ လာပြီးတက်ရောက် နားထောင်သူအများအပြားရှိခဲ့တယ်လို့လည်း တွေ့ခဲ့ကြသူတွေကပြောပါတယ်။

---

# ကော့သောင်းမှ ညမထွက်ရအမိန့်ထုတ်

**NEJ၊ ဂျွန် ၅။** ။ မြန်မာပြည်တောင်ပိုင်း နယ်စပ်မြို့ ကော့သောင်းမှာ ညမထွက်ရအမိန့်နဲ့ တဖက်ကမ်းရနောင်းမြို့သို့ တပတ်စာ သွားရောက်လည်ပတ်ခွင့်ကို အာဏာပိုင်တို့က ပိတ်ပင်လိုက်တာကြောင့် စီးပွားရေးသမားများနဲ့ ခရီးသွားများ အခက်အခဲတွေ့နေကြရတယ်လို့သိရပါတယ်။

ပြီးခဲ့တဲ့ ၁၀ ရက်ခန့်ကစပြီး နယ်မြေဖြတ်ကျော်ခွင့်ကို ကော့သောင်းမြို့ဗျူဟာမှူးက ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း၊ ရနောင်းမြို့မှ ကုန်ခြောက်ပစ္စည်းအမျိုးမျိုးတင်သွင်းနေတဲ့ ကော့သောင်းမြို့ခံ ကုန်သည်တဦးက ပြောပါတယ်။

“အရင်က ပစ္စည်းသွားသယ်ဖို့ လှေတစီးလုံးငှားမယ်ဆိုရင် ဘတ်ငွေ တထောင်ဆိုရင် ဆိုင်အထိရောက်ပြီ၊ အခုဆို ဂိတ်တဂိတ်အတွက် ဘတ် ၃၀၀ ပေးရတယ်၊ အားလုံး ၄ ဂိတ်တောင်ဖြစ်လာတယ်၊ ဒီဗမာဘက်ကမ်းမှာ လှေအကြီးတွေကိုလည်း ပေးမသုံးတော့လို့ လှေငယ်တွေနဲ့ မှာယူနေရတယ်၊ အခုက ဗမာဘက်ကပဲ ပိတ်တာ”။

ဒ့ါအပြင် ၁၀ နာရီနောက်ပိုင်း ညမထွက်ရအမိန့်လည်း ကော့သောင်းမြို့မှာ လွန်ခဲ့တဲ့ ရက်သတ္တပတ်က ထုတ်ပြန်ခဲ့တာကြောင့် အရောင်းအဝယ်ကျဆင်းလာကြောင်း အဲဒီမြို့ခံ ကုန်သည်ကပြောပါတယ်။ သို့သော် အဲဒီအမိန့်က တရားဝင်ထုတ်ပြန်ကြေညာခြင်းမျိုးမဟုတ်ပဲ ဈေးဆိုင် စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်များနဲ့ တက္ကစီမောင်းသမားများကိုသာ ရပ်ကွက်အာဏာပိုင်တို့က ပြောကြားထားတာဖြစ်ပြီး မလိုက်နာရင် ထိရောက်စွာအရေးယူမယ်လို့လည်း သတိပေးပြောဆိုထားပါတယ်။

အရင်လ ၁၅ ရက်က ရနောင်းကိုသွားတဲ့စက်လှေ လူအဆမတန်တင်ဆောင်ခဲ့တာကြောင့် နယ်စပ်ဂိတ်ရှိတဲ့ ကျွန်းစုမှာ လှေမှောက်ပြီး ခရီးသည် ၁၁ ဦးသေဆုံးခဲ့ပါတယ်။ အဲဒီနောက် သွားလာလည်ပတ်ခွင့်ကို ကန့်သတ်ပိတ်ပင်လိုက်တာဖြစ်တယ်လို့ မြို့ခံများက ပြောပါတယ်။ အခုတော့ ကော့သောင်းမြို့ကိုရေလမ်း၊ ကုန်းလမ်းခရီးမှ ရောက်လာသူများအား စစ်ဆေးမှု ပိုမိုများပြားလာပြီး ကော့သောင်းမြို့ကိုလာရောက်တဲ့ အကြောင်းပြချက်ခိုင်ခိုင်လုံလုံ မပြသနိုင်သူ ခရီးသည်အယောက် ၂၅၀ ကျော်ကိုလည်း ဘုန်းကြီးကျောင်းတကျောင်းနဲ့ ရပ်ကွက်လူကြီးရုံးများမှာ ထိန်းသိမ်းထားကြောင်း မြို့ခံတဦးက ပြောပါတယ်။

# စီးပွားရေးပိတ်ဆို့အရေးယူမှုအကြောင်း တစေ့တစောင်း

ခင်မမမျိုး

**ယခင်ပတ်အဆက်**

အရေးကြီးတာက Capability ဘဲဖြစ်ပါတယ်။ နိုင်ငံတွေရဲ့နိုင်ငံခြားရေးမူဝါဒတွေ၊ အမျိုးသားလုံခြုံရေးမူဝါဒတွေဘဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းကြီးတွေမှာဘဲဖြစ်ဖြစ် တခြားနိုင်ငံ(သို့) ပြိုင်ဘက်လုပ်ငန်းကြီးတွေကို လေ့လာသုံးသပ်တဲ့အခါ Vision တွေ၊ intent တွေဆိုတာထက် Capability ဆိုတဲ့ လုပ်ဆောင်နိုင်ရည်စွမ်းကို အဓိကထားပြီး အကဲဖြတ်ရပါတယ်။

ဗိုက်ဆာရင် မုန့်စားမယ်လို့ ကြော်ငြာကပ်ထားပေမယ့် ဆာလာတဲ့အချိန်မှာ ပိုက်ဆံမရှိရင် မစားနိုင်ဘဲ ပိုက်ဆံရှိနေတယ်ဆိုရင်တော့ ကြော်ငြာစရာတောင်မလိုဘဲ ဆာလာတဲ့အချိန်မှာကောက်ပြီး ဝယ်စားလိုက်နိုင်တာမျိုးကို ဆိုလိုတာပါ။ Vision တွေကို ထုတ်ပြန်ကြေညာချက်တွေထုတ်ပြီး ဘယ်လောက်ဘဲကြေငြာထား ကြေငြာထား intent တွေကို တကမ္ဘာလုံးကြားအောင် ဘယ်လောက်အော်ပြော အော်ပြော နောက်ဆုံးတော့လည်း Capability မရှိရင် ဘာမှလုပ်နိုင်မှာမဟုတ်ပါဘူး။

Capability ရှိတယ်ဆိုရင်တော့ ကောက်ခါငင်ကာပေါ်လာတဲ့ Vision, intent တွေကို ချက်ချင်းအကောင်အထည်ဖော်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ကိုယ်ပြောတဲ့ intent တွေဖြစ်လာဘို့ Capability ဘယ်လိုရှိလာအောင် လုပ်မလဲဆိုတာကိုသာ စဉ်းစားသုံးသပ်ရင်း အချိန်ကိုအကျိုးရှိစွာ သုံးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

ခင်မမမျိုး (၇–၅–၂၀၀၉)

(စာရေးသူသည် ဗြိတိန်နိုင်ငံ၊ Aberdeen တက္ကသိုလ်၊ ဘုရင့်ကောလိပ်မှ နိုင်ငံရေးဘောဂဗေဒ အထူးပြုဘောဂဗေ မဟာဝိဇ္ဇာဘွဲ့၊ စစ်မဟာဗျူဟာလေ့လာရေးပညာ မဟာသိပ္ပံဘွဲ့များ ရရှိထားပြီး အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုနှိမ်နင်းရေး၊ စစ်ရေး၊ နိုင်ငံရေး ဆိုင်ရာလေ့လာသူသုတေသီတဦးဖြစ်ပါသည်။)

**ရည်ညွှန်းကိုးကား**


Barber, J.(1979)'Economic sanction as a policy instrument', *International Affairs*,55(3)

Elliot, K.(1998)'The sanction glass hale full of empty', *International Security*,23(1)

Hufbauer, G., Scott, J. & Elliot, K.(2007) *Economic sanction reconsidered: History and current policy*, 3rd edition

Lindasy, J.(1988)'Trade sanctions as policy instrument'. *International Quarterly*,30(2)

Mark, G.& Khan A.(2000)'The effficacy of UN sanctions', *Security Dialogue, 31(3)*

Pape, R.(1988)'Why economic sanctions still do not work?',*International Security*,23(1)

Pape,R.(1997)'Why economic sanctions don't work?'*International Security*,22(2)

Pape,E.(1996)'Using economic sanctions to control regional conflicts'. *Security Studies, 5(4)*

Rarick, C.(2006)'Destroying a Country in order to save it: The folly Economic sanctions against Myanmar', *Economic Affairs, 26(2)*

Schreiber,A.(1973)'Economic coercion: an instrument of Foreign policy', *World Politics,Vol.25*


# မိုး–ဇလ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင် ရာထူးမှအနားယူ

**DVB၊ ဂျွန် ၁။** ။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင် ရာထူးက နားယူသွားပြီလို့သိရပါတယ်။

ဦးထွန်းလွင်ဟာ ဒီနေ့က စပြီး ရာထူးကနေ အနားယူသွားတာနဲ့ ပတ်သက်လို့ မိုး–ဇလ ဦးစီးဌာနကို ဆက်သွယ်မေးမြန်းကြည့်ရာမှာ ကျန်းမာရေးအရ အနားယူသွားတာလို့ တာဝန်ကျအရာရှိတဦးက ပြောပါတယ်။ ဦးထွန်းလွင်ကို မေးမြန်းကြည့်ရာမှာ အခုလိုပြောပြပါတယ်။

“ကျနော် နေမကောင်းဖြစ်နေတာ နည်းနည်းကြာပြီ။ နှလုံးခွဲထားတာ ခြောက်နှစ် ခုနစ်နှစ် ရှိပါပြီ။ အခုတော့ ရင်ဘတ်အောင့်လာတာနဲ့ အနားယူလိုက်တာပါ။ ကျနော့် ဝါသနာကတော့ မိုးလေဝသပဲလေ။ အခြေအနေပေးရင်တော့ မိုးလေဝသနဲ့ပတ်သက်တာ လုပ်နိုင်သလောက် လုပ်မှာပါ။ လောလောဆယ်တော့ အနားပဲယူနေပါတယ်”။

ဦးထွန်းလွင်ဟာ လုပ်သက်ရော သက်ပြည့် ပင်စင်ပါ ၂ နှစ်ကျော်လွန်နေပြီးမှ အခုလို ပင်စင်ယူလိုက်တာဖြစ်ပါတယ်။ မိုး–ဇလရုံးကရော ကာယကံရှင်ကိုယ်တိုင်ကပါ ကျန်းမာရေးကြောင့်လို့ ထုတ်ဖော်ပြောဆိုပေမယ့် စောင့်ကြည့်အကဲခတ်သူတွေရဲ့အဆိုအရ လွန်ခဲ့တဲ့ မေလအတွင်း နေပြည်တော်မှာ တိုက်ခတ်ခဲ့တဲ့ စိုက်ဆင်းလေပြင်းနဲ့ ဆက်စပ်တယ်လို့ ထင်ကြေးပေးပြောဆိုနေပါတယ်။ သူတို့အဆိုအရ ဒီသတင်းကို အစိုးရအဖွဲ့ကို ကြိုတင်သတင်းမထုတ်ပြန်ခဲ့တာကြောင့် တပ်မတော်ထိပ်ပိုင်း အရာရှိကြီးတွေက အခုလို ပင်စင်ပေးလိုက်တာလို့ ဦးထွန်းလွင်နဲ့ နီးစပ်သူတွေက ပြောပါတယ်။ အစိုးရတာဝန်ကနေ အနားယူသွားပြီဖြစ်ပေမယ့် မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာလုပ်ငန်းတွေကို လက်လက်လုပ်ဆောင်သွားဖို့ အစီအစဉ်တွေရှိနေတယ်လို့လည်း တချို့က ဆိုကြသလိုလာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ အမတ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ဖို့ အစိုးရက လျာထားတာလည်းဖြစ်နိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်တွေလည်း မိုး–ဇလဌာနတွင်းမှာ ထွက်ပေါ်နေပါတယ်။ လက်ရှိမှာတော့ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်နေရာကို ယခင် ဒုညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ပြောင်းလဲတာဝန်ယူထားတယ်လို့ သိရှိရပါတယ်။

ဦးထွန်းလွင်ကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့က စစ်ကိုင်းတိုင်း ငါးဇွန်မြို့နယ် ကုလားကျေးရွာမှာ မွေးဖွားခဲ့ပြီး မန္တလေးတက္ကသိုလ်မှာ ရူပဗေဒဘာသာရပ်နဲ့ အမေရိကန်နိုင်ငံ ဖလောရီဒါတက္ကသိုလ်မှာ မိုးလေဝသနဲ့ဇလဗေဒဘာသာရပ်တွေကို သင်ကြားခဲ့သူဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ်ဝန်းကျင် မြန်မာနိုင်ငံမှာ ရုပ်မြင်သံကြား စတင်ပေါ်လာတဲ့အချိန်ကစပြီး လစဉ်မိုးလေဝသခန့်မှန်းသူအဖြစ် သူ့ကို ပြည်သူတွေ မျက်မှန်းတန်းမိခဲ့ကြပါတယ်။ သူဟာ ၂၀၀၃ မှာ နအဖအစိုးရက ပေးအပ်တဲ့ စက်မှုထူးချွန် ဒုတိယအဆင့် ဆုတံဆိပ်ရရှိခဲ့ပြီး ၂၀၀၆ မှာ နိုင်ငံတကာမိုးလေဝသနှင့် ဇလဗေဒအသင်းကြီးရဲ့ အမြဲတမ်း အသင်းသားတဦးဖြစ်ခဲ့ပြီး ၂၀၀၇ မှာ အာရှဒေသ သဘာဝဘေးဒဏ် ကာကွယ်ရေးနှင့်ပြင်ဆင်ရေးကောင်စီ မြန်မာနိုင်ငံရဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူလည်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်း မုန်တိုင်းအပြီးမှာ နအဖအစိုးရက ပေးအပ်တဲ့ ဒေါက်တာဘွဲ့ရရှိခဲ့ပါတယ်။

# စွယ်စုံရ စာပေပညာရှင် ဆရာမောင်ဆုရှင် ကွယ်လွန်

**DVB၊ ဇွန် ၂။** ။ စာရေးဆရာ ဆရာမောင်ဆုရှင် ဒီနေ့နေ့လည် ၁ နာရီမှာ ကွယ်လွန်သွားတယ်လို့သိရပါတယ်။ စွယ်စုံရ စာပေပညာရှင် ဆရာမောင်ဆုရှင် ဒီနေ့ နေ့လည် ၁ နာရီမှာ ရန်ကုန်မြို့ရှိ ရွှေဂုံတိုင် အထူးကုဆေးရုံမှာ နှလုံးရောဂါနဲ့ကွယ်လွန်သွားတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့စနေနေ့ ညပိုင်းကတည်းက ရောဂါဆိုးရွားလာတာကြောင့် ရွှေဂုံတိုင် အထူးကုဆေးရုံကို ပို့ဆောင်ခဲ့ရပြီး တနင်္လာနေ့ညကတည်းက သတိလစ်မေ့မြောသွားခဲ့ရာ ဒီနေ့နေ့ခင်းမှာ ကွယ်လွန်သွားတာဖြစ်ပါတယ်။ ဆရာမောင်ဆုရှင်ရဲ့ ဈာပနကို မေလ ၄ ရက်နေ နေ့လည် ၂ နာရီမှာ ပြုလုပ်မယ်လို့ မိသားစုနဲ့နီးစပ်တဲ့ စာပေလောကသားတွေက ဆိုပါတယ်။ ဆရာ မောင်ဆုရှင် ကွယ်လွန်တဲ့အပေါ် ရွှေအမြုတေမဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ်ဖြစ် ဆရာဦးဝင်းငြိမ်းက ပြောပါတယ်။

"အရမ်းနဲ့စပ်တဲ့ ပုဂ္ဂိုလ်ပါ။ ရှာရေးတယ်၊ ရှာဖတ်တယ်။ ဆရာ့အသက်က ၇၇ နှစ်လို့ ဆိုပေမယ့် ဆရာက ၇၇ နှစ်နဲ့ မတူအောင် နုတယ်။ ကျနော်အခု အသက် ၆၀ ကျော်။ ကျနော့် သက်တမ်းတလျှောက်မှာ ဆရာ့လို နဲ့စပ်တဲ့ ပုဂ္ဂိုလ်မျိုး မကြုံဘူးသေးပါဘူး။ ဒီလိုဆရာတယောက် ဆုံးရှုံးရတာ ကျနော်တို့အတွက် အများကြီး ဆုံးရှုံးနစ်နာတယ်လို့ထင်ပါတယ်။"

ဆရာနဲ့ပတ်သက်ပြီး စာပေလောကသားတွေ တိုင်ပင်ပြီး အထိမ်းအမှတ်တခုခုပြုလုပ်ဖို့ အစီအစဉ်ရှိတယ်လို့လည်း ဆရာဦးဝင်းငြိမ်းက ပြောပါတယ်။ ဆရာမောင်ဆုရှင်ရဲ့အမည်ရင်းမှာ ဦးမျိုးသန့်ဖြစ်ပြီး ၁၉၃၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က ဧရာဝတီတိုင်း မြောင်းမြမြို့မှာ အဖဦးချစ်ဖေ၊ အမိဒေါ်စိန်မြင့်တို့က မွေးဖွားခဲ့တာဖြစ်ပါတယ်။ ၁၉၅၁ မှာ တက္ကသိုလ်ဝင်တန်းအောင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၆၂ မှာ အမေရိကန်နိုင်ငံ ဆရာကျူးစ်တက္ကသိုလ်နဲ့ဘော့စတွန်တက္ကသိုလ်တွေကနေ သတင်းစာပညာ ဒီပလိုမာနဲ့ စာအုပ်ထုတ်ဝေရေးပညာ ဒီပလိုမာဘွဲ့တွေ ရရှိခဲ့ပါတယ်။

၁၉၅၃ က စတင်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်မှာ စာပြုအရာရှိအဆင့်ကနေ စာတည်းမှူးချုပ် (ညွှန်ကြားရေးမှူး–စာပေ) အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး မကွယ်လွန်ခင် အချိန်အထိ ပြန်ကြားရေးဝန်ကြီးဌာနရဲ့အကြံပေးအရာရှိအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၄ ကနေ ကွယ်လွန်ချိန်အထိ စာအုပ် ၁၀၀ ကျော်ရေးသားပြုစုခဲ့ပြီး ၁၉၇၆ မှာ 'တီထွင်မှုများသမိုင်း' စာအုပ်နဲ့ သုတပဒေသာ (သိပ္ပံ) ဆုနဲ့ ၁၉၆၈ မှာ (ပင်လယ်ပြာနှင့် တံငါအို) စာအုပ်နဲ့ အမျိုးသားစာပေဆု (ဘာသာပြန်–ရသ) ဆုတွေကို ရရှိခဲ့ပါတယ်။

ဆရာမောင်ဆုရှင်ဟာ မကွယ်လွန်ခင်အချိန်အထိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့အတွင်းရေးမှူး၊ ပခုက္ကူဦးအုန်းဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ ဆရာဟာ မေ ၂၈ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ရွှေအမြုတေစာပေဆုပေးပွဲမှာ ဆောင်းပါးဆုကို နောက်ဆုံးအနေနဲ့ပေးအပ်သွားတယ်လို့သိရပါတယ်။

# အလုပ်ခွင် ထိခိုက်မှုကို လျစ်လျူရှု

**DVB၊ ဇွန် ၁။** ။ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်က အဓမ္မလုပ်အားပေးခိုင်းစေမှုမှာ ထိခိုက်ဒဏ်ရာ ရတာတွေရှိပေမယ့် အာဏာပိုင်တွေက လျစ်လျူရှုထားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အင်္ဂပူမြို့နယ် သဲကုန်းရွာကနေ သာရောင်ရွာအထိ ၂ မိုင်ကျော်ရှည်တဲ့လမ်းကို မေ ၂၁ ရက်နေ့က တရက်နဲ့အပြီး သဲနဲ့ကျောက်ခင်းပေးခဲ့ရတာလို့ ရွာသားတွေက ပြောပါတယ်၊ အဲဒီလမ်းဖြတ်သွားတဲ့ အနီးနားက ရွာတွေအားလုံးလူရော လှည်းပါ အခမဲ့လုပ်အားပေးရတာဖြစ်တယ်လို့လည်း ဆိုပါတယ်၊ အဲဒီမှာလုပ်အားပေးလှည်းတစီး မတော်တဆ တိမ်းမှောက်ပြီး အမျိုးသမီး ၃ ဦး ဒဏ်ရာရခဲ့ပေမယ့် အာဏာပိုင်တွေက အကူညီမပေးဘူးလို့ လုပ်အားပေးခဲ့တဲ့ ဒေသခံတဦးက ပြောပါတယ်။

"၄ ပေ အကျယ်ရှိတဲ့လမ်းကို ဖ ပေချဲ့တယ်။ ၁ ပေ မြင့်တဲ့လမ်းကို အမြင့် ၂ ပေဖြစ်အောင် မြှင့်တယ်။ အခု အဲဒီလမ်းကို အပေါ်ကနေပြီးတော့ သဲနဲ့ကျောက်နဲ့ခင်းတယ်။ ပိန်းအင်း၊ သဲကုန်း၊ မရမ်းမြောင်၊ လက်ပံကိုင်၊ သဲဖြူ၊ ကျေးနဖျံ၊ ကုန်းနဖျံ အဲဒီရွာတွေက လှည်းရှိတဲ့လူတွေက လှည်းလိုက်ရတယ်။ မရှိတဲ့သူတွေက လူကိုယ်တိုင်လိုက်ရတယ်။ လုပ်အားပေးတွေက တောင်ပေါ်မှာရှိတဲ့ သဲတွေကို သယ်ပြီးတာတွေ မျက်နှာပြင်မှာဖို့ရတယ်။ သဲကုန်းရွာကလှည်းက မြေကျောက်တွေသယ်ရင်းနဲ့ မှောက်သွားတော့ လှည်းပေါ်မှာပါတဲ့ ဒေါ်မကြည်ဆိုတဲ့မိန်းမက ဘယ်ဘက် ညှပ်ရိုးကျိုးသွားတယ်။ ဒါကို တာဝန်ရှိတဲ့ ရဝတက ကွင်းကောက်ဒေသမှာရှိတဲ့ ကွင်းကောက်ဆေးရုံကို ပို့မပေးဘူး။ ဒါနဲ့ ဒေါ်မကြည်က သူ့သဘောနဲ့သူ ကျေးနဖျံရွာမှာရှိတဲ့ ပျောက်စေဆရာတယောက်ဆီမှာသွားပြီး ဆေးကုမိတယ်။ မဖြူဖြူနဲ့ မငွယ်ထူးက မျက်နှာတွေစုတ်ပြတ်သွားတယ်။ သူတို့ကတော့ ကောင်းသွားပြီ။"

လွန်ခဲ့တဲ့ မတ်လတုန်းကလည်း သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ရဲ့ကားသွားနိုင်ဖို့ ဒီလမ်းကိုပဲ တရက်နဲ့အပြီး အဓမ္မလုပ်အားပေးခဲ့ရပါတယ်။ အဲဒီတုန်းက စက်ဘီး ဆိုင်ကယ်လောက်သာ သွားလို့ရတဲ့ လမ်းကိုအမြင့် ၂ ပေနဲ့ အကျယ် ဖ ပေ မြေဖို့ပေးခဲ့ရတာဖြစ်ပါတယ်။ ဒီအဓမ္မလုပ်အားပေးခိုင်းစေမှုနဲ့ပတ်သက်လို့ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အိုင်အယ်လ်အိုကိုတိုင်ကြားခြင်း ရှိမရှိနဲ့ပတ်သက်ပြီး အဲဒီဒေသခံတဦးက ပြောပါတယ်။

"တိုင်လို့ရတယ်ဆိုတာ သိတယ်။ တိုင်ရဲတဲ့လူ မရှိဘူး။ ဒီ ရဝတတွေကို ကြောက်ရတယ်။ ကြောက်အောင်လည်း သူတို့က လုပ်ထားတာတွေရှိတယ်။ ခိုင်းလို့၊ ကြောက်လို့လုပ်ရတဲ့ သဘောပဲရှိတယ်။ ဘယ်လုပ်ချင်ပါ့မလဲ။" ဒီကိစ္စနဲ့ ပတ်သက်လို့ အင်္ဂပူမြို့နယ် မယကရုံးကို ဆက်သွယ်လို့မရပါဘူး။

# ကား၁ တိုးတောင်း၍ ကျောင်းသားများ မကျေနပ်

**DVB၊ ဇွန် ၂။** ။ ရန်ကုန်က တက္ကသိုလ်တွေမှာ ဒီလကစပြီး ကျောင်းကားခတွေတိုးကောက်တဲ့အတွက် အခက်ခဲဖြစ်ပြီး မကျေမနပ်ဖြစ်နေကြတယ်လို့ ကျောင်းသားတွေက ပြောပါတယ်။

ကျောင်းကားခကို ၈ ထောင်ကနေ ၁ သောင်း ၂ ထောင်အထိ တိုးကောက်တာဖြစ်ပြီး ဘာအတွက်တိုးတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းမပြောပြဘူးလို့ ရန်ကုန်တက္ကသိုလ် ကျောင်းသားတဦးက ဆိုပါတယ်။

"တိုးတောင်းတာကို ကျောင်းသားတွေက မကျေနပ်ဘူး။ သူတို့အခြားယာဉ်လိုင်းတွေဈေးတက်လို့ တက်ရတဲ့အကြောင်း အပြင်ကလူတွေ ပြောတာပဲ။ ဒါပေမယ့် သူတို့အကြောင်းပြချက်က လုံးဝမခိုင်လုံဘူး။"

ကျောင်းကားခတွေ တိုးကောက်ပေမယ့် ကျောင်းကားတွေ မိုးယိုတာ၊ ထိုင်ခုံတွေမပါတာ၊ သတ်မှတ်လူဦးရေထက် ပိုတင်တာတွေကိုတော့ မပြင်ဆင်ပေးတာတွေကြောင့် ကျောင်းသားတချို့က အပြင်လိုင်းကားတွေကို ပြောင်းစီးကြတယ်လို့ အဲဒီကျောင်းသားကပဲ ပြောပါတယ်။

"လူတွေက ဒီအတိုင်းဆိုရင်တော့ မစီးကြတော့ဘူး အိမ်ကနေ စက်ဘီးစီးတယ်။ ၁ သောင်း ၂ ထောင် တိုးလာတယ်၊ ဘာမှ ဖြစ်မလာဘူး။ ကျောင်းကားခတိုးကောက်လိုက်ပြီး ဝန်ဆောင်မှုပိုပေးမယ်လို့ တာဝန်ရှိသူတွေက ပြောတာပဲ။ နောက်ပိုင်းကို ၅၅ ယောက်ပဲတင်မယ်လို့ ပြောတယ်။ ထိုင်ခုံတွေလည်း ပြင်မယ်တဲ့။ ဖြစ်လာမလားဆိုတာ စောင့်ကြည့်ရမှာပဲ။ ပြောပြီးရင် မလုပ်ပေးတာ များတယ်။"တက္ကသိုလ်ကျောင်းသားတွေက ကားခတွေကို တသောင်းလောက်အထိလျှော့ပေးရင် သူတို့အနေနဲ့ အဆင်ပြေကြောင်း၊ ဒါ့အပြင် သက်ဆိုင်ရာအာဏာပိုင်တွေအနေနဲ့ကျောင်းကားတွေမှာထိုင်ခုံတွေတပ်ပေး၊ အမိုးအကာလုံခြုံအောင်ပြင်ပေးစေလိုကြောင်း ပြောပါတယ်။


ဗိုလ်ရှုပ် နေအေး
ပြောလိမ်
ပေါ်တင်လိမ်
ဆရာ...ဒီတခါ... ဘယ်မျက်နှာဖုံး စွတ်မလဲ.. ဟင်.. မျက်နှာပြောင်နဲ့ပဲ ထွက်မလား?
MrBurma 09

# ကျော်သူရဲ့ နာရေးကားများ နေရာပြောင်းရ၍ ကူညီနိုင်မှု လျော့နည်းသွား

**DVB ၊ ၅ွန် ၂။ ။** နာရေးကူညီမှုအသင်းပိုင်ကားတွေ နေရာပြောင်းရွှေလိုက်ရလို့ နာရေးကိစ္စတွေ ကူညီတဲ့နေရာမှာ အခက်အခဲတွေရှိတာကြောင့် အနည်းငယ်လျော့သွားတယ်လို့ သိရပါတယ်။

ရုပ်ရှင်မင်းသား ဦးကျော်သူ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေတဲ့ နာရေးကူညီမှုအသင်းပိုင် ကားတွေကို မေ ၉ ရက်နေ့ကစပြီး သဃ်န်းကျွန်းမြို့နယ် ပြပ္ပဒ္ဓဝိဟာရဘုန်းကြီးကျောင်းကနေ ရေဝေးသုသာန်ကို ပြောင်းရွှေ့ခဲ့ရတာပါ။ လက်ရှိမှာ အသွားအလာခက်ခဲတဲ့အတွက် ကူညီမှုတွေ အနည်းငယ် အားနည်းသွားတယ်လို့ဦးကျော်သူက ပြောပါတယ်။

"အခက်အခဲကတော့ ကျနော်တို့ ယာဉ်မောင်းတို့ ယာဉ်နောက်လိုက်ဝန်ထမ်းတွေပေ့ါ။ ဝန်ထမ်းတွေကနေ မနက်ဆို ကားအကုန်သွားယူရတယ်ဆိုတော့ ရေဝေးလမ်းထိပ်အထိပဲ လိုင်းကားကရောက်တယ်။ အဲ့ဒီကနေ ဆိုက်ကားစီးတော့ ဆိုက်ကားခကျပ် ၃၀၀ ကုန်တယ်။ တချို့က ဆိုက်ကားခမတတ်နိုင်လို့ လမ်းလျှောက်ဝင်တော့ အချိန်ကုန်တဲ့အတွက် မနက်လမ်းကြောင်း စမောင်းနိုင်တဲ့အချိန်ရယ်၊ လမ်းကြောင်းသိမ်းတဲ့ အချိန်ရယ် ပေးလိုက်ရတဲ့အတွက် အရင်က တနေ့ကို အလောင်း ၅၀ ကူညီတယ်ဆိုရင်၊ အခုဆိုရ အလောင်း ၃၀၊ ၃၅ လောက်ပဲလုပ်ပေးနိုင်တယ်။"

နအဖက နာရေးကူညီမှုအသင်းပိုင် ကားတွေကို မြို့တွင်းမှာမထားဘဲ သုသာန်တွေမှာထားဖို့ လွန်ခဲ့တဲ့လပိုင်းကတည်းက ညွှန်ကြားခဲ့ပြီးတဲ့နောက် ခုလိုအကျိုးဆက်တွေဖြစ်လာတာပါ။ ရေဝေးသုသာန်အတွင်း ကားနေရာအတွက် စည်ပင်သာယာကို နေရာငှားရမ်းခတလ ၁ သောင်းပေးရပြီး ကားတွေရဲ့လုံခြုံရေးအတွက် ညစောင့်ဝန်ထမ်းတွေ သပ်သပ် ထပ်ငှားထားရတယ်လို့ ဦးကျော်သူက ပြောပါတယ်။ နာရေးကိစ္စတွေမှာ နာရေးကူညီမှုအသင်းက ကူညီပေးနေတာကြောင့် သုသာန်ဝန်ထမ်းတွေ နာရေးရှင်တွေဆီက ငွေတောင်းဖို့ခက်ခဲသွားတဲ့အတွက် နာရေးကူညီမှုအသင်းသားတွေအပေါ် အထင်အမြင်လွဲတာတွေရှိတယ်ဆိုတဲ့ အပေါ်ကို ဦးကျော်သူက ပြောပါတယ်။

"ကုသိုလ်ဖြစ် လုပ်နေတယ်ဆိုတော့ စည်ပင်ဝန်ထမ်းအပိုင်းကလည်း ကျနော်တို့အပေါ်နားလည်ပါတယ်။ နားလည်တယ်ဆိုတာက ကာယကံရှင်က အခေါင်းဝယ်ချင်တယ်၊ ဘာညာဆိုရင် ကျနော်တို့က စည်ပင်ဘက်ကို လွှဲပေးလိုက်တယ်။ ဟိုရောက်ရင် အခေါင်းလိုချင်တယ် ဘာညာဆိုတာကို ကိုယ့်ဘာသာကိုယ်ပြောပေ့ါ။ ကျနော်တို့က အဲ့လိုလုပ်ပေးထားတော့ အဆင်ပြေပါတယ်။ ရထားတိုက်တာတို့၊ ရဲမှုခင်းနဲ့ ပတ်သက်တာတို့၊ ဆွဲကြိုးချတာ၊ အသတ်ခံရတာ အဲ့ဒါမျိုးတွေပါ ရဲက အကူအညီတောင်းလို့ ကျနော်တို့အခုလုပ်ပေးနေရတယ်။"

သဃ်န်းကျွန်းမြို့နယ်အတွင်းက ပြပ္ပဒ္ဓဝိဟာရဘုန်းတော်ကြီး ကျောင်းအတွင်းမှာ နာရေးကူညီမှုအသင်းက ဖွင့်လှစ်ထားတဲ့ 'သုခကုသိုလ်ဖြစ်ဆေးခန်း' ကိုလည်း လာမယ့်ဇူလိုင်လထဲမှာ မြောက်ဒဂုံရှိ ဆေးခန်းသစ်နေရာကို အပြီးရွှေ့ပြောင်းပေးရတော့မယ်လို့လည်း သူက ပြောပါတယ်။ ဆေးခန်းနေရာပြောင်းရမှာမို့ သဃ်န်းကျွန်းမြို့နယ်က လူနာတွေနဲ့ နယ်မြို့တွေက လာကုသတဲ့ လူနာတွေအတွက် အလှမ်းဝေးသွားပေမယ့် တောင်ဒဂုံ၊ မြောက်ဒဂုံ စတဲ့မြို့နယ်တွေက လူနာတွေအတွက် ပိုအဆင်ပြေသွားမယ်လို့လည်း ဦးကျော်သူက ပြောပါတယ်။

နာရေးကူညီအမှုအသင်းကို ၂၀၀၁ က စတင် တည်ထောင်ခဲ့ပြီး လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး နာရေးကိစ္စတွေကို ကူညီဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် နယ်မြို့ငါးဆယ်ကျော်မှာ နာရေးကူညီမှုအသင်းခွဲပေါင်း ၅၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ နယ်မြို့အသင်းခွဲတွေမှာလည်း အသုဘကိစ္စတွေနဲ့ ပတ်သက်ပြီး ဒေသခံတွေမှာ ထုံးတမ်းစဉ်လာ အယူအစွဲတွေ လျော့နည်းသွားစေဖို့ ဟောပြောပွဲတွေလုပ်ပြီး အသိပညာပေးမှုတွေ လုပ်ဆောင်နေတယ်လို့လည်း သိရပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER